မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၄၂)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက် ၊ ၂၉–၄–၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

သတင်းစဉ်

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း / အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၈

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်ပသို့ သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ပြည်ပသို့ တာဝန်ပေးစေလွှတ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကိုသာ ရွေးချယ်စေလွှတ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကိုယ်စားပြုသည့် အတွက် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို အလေးထား လိုက်နာစေလိုကြောင်း၊ မိမိသွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကိုလည်း အလေးထားရမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကို သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန် လိုအပ်ပါကြောင်း၊ မိမိ၏ ပြုမူနေထိုင်မှုများကို ချင့်ချိန်သုံးသပ်၍ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်၍ မလုပ်သင့် မလုပ်ထိုက်သည်ကို မလုပ်ရန်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပကတိနိုင်ငံရေး၊ စီးပွားရေး၊ ပထဝီ အနေအထားများကို မှန်မှန်ကန်ကန် သိရှိရန် လိုအပ်ပါကြောင်း၊ မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နိုင်ငံတကာနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်းသည် National Characteristic ကိုလည်း မြှင့်တင်ရာရောက်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအကြားနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ကာ မိမိနိုင်ငံ၏ မူလရပ်တည်ချက် အနေအထားသို့ ပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သံတမန်များ၏ လုပ်ငန်းတာဝန် (၅)ရပ်ကို ကျေပွန်စွာ ဆောင်ရွက်၍ ပြည်ပရောက် မိမိနိုင်ငံသားများ၏ အကျိုးကို တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ဆက်လက်၍ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ် ရုံးများတွင် သွားရောက် တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ ယခင်သွားရောက် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက် တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သွားရောက်ကြမည့် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်များကို အသေးစိတ် လမ်းညွှန်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ပသို့ သွားရောက် တာဝန်ထမ်းဆောင်သူများအနေဖြင့် သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေး(Diplomatic Characteristic)များကိုမြှင့်မားအောင်ကြိုးစားကြရန် မှာကြားလိုပါကြောင်း၊ သံတမန်တစ်ဦး၏ အရေးကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှုဖြစ်ပြီး Communication Skill၊ Language Skill၊ Negotiation Skill များတိုးတက်စေရန် အစဉ်လေ့လာဆည်းပူး၍ မြှင့်တင်စေလိုပါကြောင်း၊ ဝန်ထမ်းများ အချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာဖြင့် ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ကြီးပွားတိုးတက်အောင်မြင်စေလိုကြောင်း ဆုတောင်းစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆင္ဃသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဧပြီ ၂၈**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို MRTV Parliament Channel မှ နေ့စဉ် တိုက်ရိုက်(Live) ရိုက်ကူး/ထုတ်လွှင့်ပေးမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲမှ စတင်မည်ဖြစ်ရာ MRTV HD, MRTV Parliament Channel၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel ၊ Sky Net Buddha Channel ၊ Sky Net Up to Date Channel၊ HTV Sports Channel၊ SNDSY ရွှေနဒီရွှေရည် Channel တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေFM ၊ ပတ္တမြားFM၊ ပဥ္စဝတီFM၊ မန္တလေးFM၊ ချယ်ရီFM၊ FMပုဂံ၊ သဇင်FM၊ Star FMတို့မှ လည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website ၊ MRTV App နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

ထို့ပြင် ဧပြီ ၃၀ ရက်ညပိုင်းတွင် ကျင်းပပြုလုပ်မည့် ဓမ္မသဘင်အခမ်းအနားကို MRTV HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် Delay ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၈**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်းများ မြင့်မားလာစေရေးနှင့် ခရီးစဉ်ဒေသများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် မြန်မာနိုင်ငံအား ကမ္ဘာက သိရှိသော ခရီးစဉ်ဒေသကြီးတစ်ခုဖြစ်စေရန် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ခရီးသွားဈေးကွက်ဝင် နိုင်ငံများအပြင် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ကြီးဌာနအား ယဉ်ကျေးမှုကို အခြေခံပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းပေးခဲ့သည့်အတွက် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း၊ နေပြည်တော်တွင် ဘုရားဖူးခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကဲ့သို့သော မတူကွဲပြားသည့် ခရီးသွားလုပ်ငန်းအမျိုးအစားများကို ဖော်ဆောင်ပြီး ခရီးသွားများကို ဆွဲဆောင်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အချက်အချာကျသော မြို့ကြီးဖြစ်သကဲ့သို့ သွားလာရေးလွယ်ကူမှုရှိသည့် ခရီးစဉ်ဒေသကြီးဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ဆောင်ရန် အားသာချက်များစွာရှိကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသကြီးများ၏ ပကတိအခြေအနေမှန်များကို ကမ္ဘာက သိအောင် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ဟိုတယ်များအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းမီ ဝန်ဆောင်မှုများပေးနိုင်ရေး၊ သန့်ရှင်းသာယာလှပရေး၊ အစိမ်းရောင်ဟိုတယ်များဖြစ်စေရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်အောင် အစဉ်တစိုက် ကြိုးစားကြရန် လိုအပ်မည်ဖြစ်သည်။ ခရီးသွားကုမ္ပဏီများအနေဖြင့် နေပြည်တော်ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးစဉ်များတွင် ထည့်သွင်းရောင်းချသွားကြရန်နှင့် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲ ကျင်းပ



**ပွင့်ဖြူ ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသည့် အိုးထိန်းတောင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ကျင်းပသည့် (၃၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ အထိမ်းအမှတ် ပင့်သံဃာ ၇၂ ပါးအား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စေတနာအလှူရှင်များနှင့် ဒေသခံပြည်သူများက အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွာသစ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စေတနာအလှူရှင်များက ဆရာတော်၊ သံဃာတော်များကို လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသူများက ပဋ္ဌာန်းပစ္စယုဒ္ဒေသ(၂၄)ပစ္စည်းကို သံပြိုင်ရွတ်ဆိုပူဇော်ကာ အောင်စည်အောင်မောင်း တီးခတ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ (ဝဲပုံ)

ထို့နောက် (၃၉)ကြိမ်မြောက် ပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ဘုရားအမှူးပြုသော ပင့်သံဃာတော် ၇၂ ပါးကို စေတနာအလှူရှင်များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ညောင်ရေသွန်းပွဲတော်အကြောင်း အသိပညာပေး Talk Show ဆွေးနွေး

**မန္တလေး ဧပြီ ၂၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Coummity Centre ခန်းမ၌ မြန်မာ့ရိုးရာ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော် အကြောင်း အသိပညာပေး Talk Show ကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်-၃ ဒေါ်နိုင်ခင်ဦးက ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်အကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးရာ ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်နိုင်က ကဆုန်လသည် မြန်မာ့ ၁၂ လရာသီအရ နွေအကုန် မိုးအကူးကာလဖြစ်ပြီး အပူရှိန်အပြင်းဆုံးလဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ 'ဗောဓိညောင်ပင်'များ အပူဒဏ်ကြောင့် ညှိုးနွမ်းမှု မရှိစေရန်နှင့် ဆက်လက်ရှင်သန်စေရန် ရည်ရွယ်ပြီး ရှေးမြန်မာမင်းများ လက်ထက်မှစ၍ ညောင်ရေသွန်းလောင်းသည့် ဓလေ့ကို ယနေ့တိုင် ထိန်းသိမ်းလာခဲ့ကြခြင်းဖြစ်ကြောင်း၊ ညောင်ရေသွန်းပွဲတော်နှင့်အတူ စတုဒိသာများ ကျွေးမွေးခြင်း၊ ငါးလွှတ်၍ ဇီဝိတဒါနပြုလုပ်ခြင်း၊ သီလဆောက်တည်ခြင်းနှင့် ဘုရား၊ စေတီပုထိုးများ၌ စုပေါင်းညောင်ရေသွန်းလောင်းလှူကုသိုလ်ကောင်းမှုပြုခြင်းဖြစ်ကြောင်း၊ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်သည် မြန်မာတို့၏ ဘာသာတရားကို ရိုသေကိုင်းရှိုင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားစောင့်ရှောက်တတ်သည့် ယဉ်ကျေးမှု အစဉ်အလာကို ပေါ်လွင်စေသည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်တစ်ခုဖြစ်ကြောင်းကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**

## လွှတ်တော်ကိုယ်စားလှယ်များ ပုသိမ်ကြီးမြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ



**ပုသိမ်ကြီး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းက မိတ်ဆက်အမှာစကား ပြောကြားသည်။ တွေ့ဆုံပွဲတွင် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးများကို ဌာနဆိုင်ရာများနှင့် ပူပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်သူများ၏ လိုလားချက်များကို ဆောင်ရွက်ပေးနိုင်ရေးတို့ကို တွေ့ဆုံပြောကြားခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိတ်ဆက်စကားပြောကြားပြီး ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ဧည့်ခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧပြီလ ဒုတိယပတ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးရေးတို့အတွက် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးသွားရန် ပြင်ဆင်နေသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးကိစ္စတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၂၂၁၆) အနီရောင်အဆင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကုမ္ပဏီမှတာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အဆိုပါအဆောက်အအုံ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောလျင်စွာပြီးစီးရေး၊ ဝန်ထမ်းများ ပြန်လည်နေထိုင်နိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ဆောက်လုပ်ထားသော လျှောင်ဒဏ်သင့်ဝန်ထမ်းများယာယီနေထိုင်ရာ Container House များတွင် ဝန်ထမ်းများ မိသားစုအလိုက်နေထိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းသားရေးရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားရေးရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ တိုင်းရင်းသားရေးရာလုပ်ငန်းများဆောင်ရွက်မှုနှင့် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရန် ညှိနှိုင်းနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပြီး တာဝန်ရှိသူများအားလုံးအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုများ မှေးမှိန်မပျောက်ပျက်စေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှေးရှု၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့က အွန်လိုင်းမှတစ်ဆင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Yordying Supasri နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံက နှစ်နိုင်ငံကြား ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ ပုဂ္ဂလိကကဏ္ဍ၏ ကုန်သွယ်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ပို့ကုန်ရငွေမှ မြန်မာကျပ်ငွေသို့ လဲလှယ်ခြင်းအား တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့သည့်မူဝါဒအား ကြိုဆိုပါကြောင်း၊ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ထိုင်းဘတ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုတိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ နည်းပညာ ဆိုင်ရာအကူအညီများ လိုအပ်ပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်မှုရရှိစေရန်၊ ငွေလဲလှယ်နှုန်းတည်ငြိမ်မှုရှိစေရန်၊ ငွေကြေးဖောင်းပွမှု လျော့ကျစေရန်၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ခိုင်မာတိုးတက်စေရန်၊ ဘဏ်လုပ်ငန်းစနစ် တည်ငြိမ်စေရန်တို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ထိုင်းဘတ်ငွေအား ကုန်သွယ်မှုကဏ္ဍတွင်သာမက ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတွင် ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ပါကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ထိုင်းနိုင်ငံဘဏ်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၂၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။ **မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Lunak အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၈

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံချက်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ အပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး




နေပြည်တော် ဧပြီ ၂၈

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၃) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာပါ အချက်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ခရီးသွားလာမှု တိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။ (အပေါ်ပုံ)

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဌာနခွဲများမှ ဘာသာရပ်တာဝန်ခံများက မိမိတို့ဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

### ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး၊ နိုင်ငံ့ဝန်ထမ်းများ ပီသစွာ ပြည်သူလူထုနှင့် တိုင်းပြည်အကျိုးဘက်ညီမျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ခေတ်ကာလနှင့်အညီ နည်းပညာများကို ပေါင်းစပ်အသုံးပြု၍ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် အလေးထားဆောင်ရွက်သွားကြရေး၊ ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရေးအတွက် ရည်မှန်းချက်ထားမျှော်မှန်း ဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်အား နိုင်ငံတကာကသိရှိအောင် မြှင့်တင်ကြိုးစား ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေး တို့ကို တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၃၃) ကြိမ်မြောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဧပြီ ၂၈

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၃၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှုတိုးမြှင့်ပြီး ပြည်ပမှမျိုးစေ့တင်သွင်းအသုံးပြုမှုလျှော့ချရေးအတွက် ပြည်တွင်း မျိုးစေ့ထုတ်လုပ်မှုများတွင် အရည်အသွေးပြည့်မီသည့်ဈေးကွက်ဝယ်လိုအားရှိပြီး သက်တမ်းတိုသီးနှံမျိုးစေ့များကို ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် မျိုးစေ့ထုတ်လုပ်ရေးသင်တန်းများပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ရန် လိုအပ်သည့် မြေနေရာရရှိရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားအသုံးပြုခွင့်ပေးခြင်း၊ မျိုးစေ့ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်အသုံးပြုနိုင်ရန် စီမံဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ MSME များနှင့် မျိုးစေ့ထုတ်လုပ်သူတောင်သူများအကြား ပေါင်းကူးဆက်သွယ်နိုင်ရေး ဆောင်ရွက်ရာ၌ MSME များမှ လိုအပ်သည့် သီးနှံထွက်ကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် အရည်အသွေးနှင့် ကိုက်ညီသော သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးနိုင်သည့် ဝန်းကျင်ကောင်းများ ဖန်တီးခြင်းလုပ်ငန်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ထိန်းကျောင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Seed Growers များကို နည်းမှန်လမ်းမှန် ဆောင်ရွက်ရန် လေ့ကျင့်ပေးပြီး အရင်းအနှီးရရှိရေးနှင့် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ဖြစ်စေရေးအတွက် မျိုးစေ့အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကို အလေးထားဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၃၂)ကြိမ်မြောက် ကော်မတီအစည်းအဝေးအထိ လယ်ယာသီးနှံ ၇၆၂ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၉၈၄ မျိုး၊ စက်မှုသီးနှံ ၁၃၇ မျိုးနှင့် မိဘမျိုးလိုင်း ၂၅၂ စုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၂၁၃၅ မျိုးကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ကျင်းပသည့် (၃၃)ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့က အဆင့်ဆင့် စိစစ်တင်ပြလာသည့် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်း (၁၀)နှစ်ပြည့်မြောက်၍ သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား (၁၄) မျိုး၊ မျိုး အသစ်အဖြစ် လျှောက်ထားလာသည့် လယ်ယာသီးနှံ ၃၀၊ စက်မှုသီးနှံ တစ်မျိုး၊ ဥယျာဉ်ခြံသီးနှံ ၁၁ မျိုးနှင့် မိဘမျိုးလိုင်း ၁၂ စုံ စုစုပေါင်း မျိုးသစ် မျိုးဖျား ၆၈ မျိုးတို့အပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး သုံးသပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်
# နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဧပြီ ၂၈

၂၀၂၆ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းသည်။

သွေးလှူဒါန်းပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်သန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စုပေါင်း သွေးလှူဒါန်းခြင်းအားဖြင့် နှစ်စဉ်နှစ်တိုင်း လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်သည့်အပြင် သွေးတိုးရောဂါရှိသူများ၊ နာတာရှည်လူနာများ၊ ခွဲစိတ်ကုသမှုခံယူရမည့်လူနာများနှင့် ကိုယ်ဝန်ဆောင်များ မီးဖွားချိန်တွင် လိုအပ်ပါက အသုံးပြုနိုင်ရန်၊ အရေးပေါ်အခြေအနေများတွင် အဆင်သင့်အသုံးပြုနိုင်စေရန်၊ ရှားပါးသော သွေးအုပ်စုများကို သွေးလှူရှင်များက တစ်ဆင့် ရရှိနိုင်စေရန်၊ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်စေရန် မျှော်မှန်း၍ အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများအနေဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်းဖြစ်သည်။

စုပေါင်း သွေးလှူဒါန်းပွဲတွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်း ၇၂ ဦးက သွေးလှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သွေးလှူရှင်ဝန်ထမ်းများအား ဆေးဝါးများနှင့် အာဟာရပစ္စည်းများပေးအပ်၍ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်မှ တာဝန်ရှိသူများထံသို့ အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# အစိုးရ၏ ရက်(၁၀၀)အတွင်း ဦးစားပေးဆောင်ရွက်မည့်စီမံကိန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေး ရှင်းလင်းမှာကြား

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အစိုးရ၏ ရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂)၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်နှင့် ဦးသန့်စင်လွင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် စီမံကိန်းများကို ဒေသန္တရစီမံကိန်း၊ ကဏ္ဍစီမံကိန်းများဖြင့် ချိတ်ဆက်စိစစ်၍ အမျိုးသားစီမံကိန်းပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများကို မြေပြင်ကွင်းဆင်းစိစစ်ပြီး အစီရင်ခံပြုစုတင်ပြခြင်း၊ GDP ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနေသော ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် စပ်လျဉ်း၍ စိစစ်ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ပိုမိုဝင်ရောက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအား အသိပညာ မျှဝေပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း
# ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၂၈

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပန်ကြပ်ဆီလတ်နည်းပြသင်တန်း ဖွင့်လှစ်ပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် အသုံးပြုမည့် နည်းစနစ်များ၊ အမှတ်ပေးစည်းမျဉ်းနှင့် စည်းကမ်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နည်းပြများနှင့် အားကစားသမားများ ပိုမိုသိရှိနားလည်၍ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပြီး အရည်အသွေးပြည့်ဝသည့် နည်းပြကောင်းများ ပေါ်ထွက်လာစေမည်ဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေနှင့် နည်းစနစ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မျိုးဆက်သစ်အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားကွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 အမျိုးသားဘောလုံးရှုံး/ထွက်ပြိုင်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ဘောလုံးကွင်းကောင်းမွန်စေရန်ပြင်ဆင်ထားရှိမှုများ၊ ဘောလုံးကွင်းအတွင်း အလံတိုင်၊ ဂိုးတိုင်၊ ဂိုးပိုက်များနှင့် ကွင်းပတ်လည်နံရံပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အတိုင်း ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ သန်လျင်ခရိုင် သီဟဒီပ အားကစားကွင်းရှိ ဘောလုံးကွင်း၊ ပွဲကြည့်စင်၊ ရေလှောင်ကန်၊ ရေကူးကန်၊ ပြိုင်ပွဲရုံ(က) သီဟဒီပအားကစားခန်းမနှင့် ဖုဆယ်အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/ အားကစားရုံအတွင်း ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်၍ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။



ထို့နောက် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ ပဒေသာအားကစားခန်းမနှင့် ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ Smart School နှင့် Football For School Program အရ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသကဲ့သို့ အခြားအားကစားနည်းများကို အားထည့်၍ ဆောင်ရွက်သွားစေလိုကြောင်း၊ ပြည်သူလူထုအမြင်၌ အားကစားယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးပြည်သူ့ဆေးရုံကြီး အထူးသီးသန့်အခန်းတွင် တက်ရောက်ဆေးကုသမှုခံယူ သီတင်းသုံးနေသည့် နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော် ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား



**မန္တလေး မေ ၂၈**

မန္တလေးပြည်သူ့ဆေးရုံကြီး (၉)ထပ်ဆောင်ရှိ အထူးသီးသန့်ခန်းတွင် တက်ရောက်ဆေးကုသမှုခံယူ သီတင်းသုံးနေသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ (သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ) အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီးတို့က ယနေ့မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်သည်။

ထိုသို့ သွားရောက်ဖူးမြော်ရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူများသည် မန္တလေးပြည်သူ့ဆေးရုံကြီးရှိ မန်းတောင်ရိပ် (၉)ထပ်ဆောင် (၄)လွှာသို့ ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ လှူဒါန်းကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးအား ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် လစ်ဟင်းမှုမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်ပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးမှာ မန္တလေးပြည်သူ့ဆေးရုံကြီး (၉)ထပ်ဆောင်၊ (၄)လွှာရှိ အထူးသီးသန့်ခန်းတွင် သီတင်းသုံးကာ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူလျက်ရှိပြီး ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး ဦးဆောင်သော ဆေးပညာဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခ၊ ဌာနမှူး ဒေါက်တာနီနီအောင်နှင့်အဖွဲ့၊ ဦးနှောက်နှင့်အာရုံကြောဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာမြင့်ဦးနှင့်အဖွဲ့၊ အစာအိမ်နှင့်အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းဖြူဖြူမြင့်နှင့်အဖွဲ့၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေးဌာန၊ အထူးကုဆရာဝန်ကြီး ပါမောက္ခ၊ ဌာနမှူး ဒေါက်တာစုမြတ်နှင်းဇော်နှင့်အဖွဲ့၊ ကုသရေးတွင်ပါဝင်သော အထူးကုဆရာဝန်ကြီးများ အဖွဲ့တို့က အနီးကပ်ကြပ်မတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဓာတ်ပုံနှင့် ပန်းချီပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မန္တလေး မေ ၂၈**

မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ဓာတ်ပုံနှင့် ပန်းချီပြိုင်ပွဲ"တွင် ဆုရရှိခဲ့သူများအား ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ကမ်းနားလမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးတေဇကျော်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms.Gao Ping နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(အပေါ်ပုံ)**

ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို အောင်သိန်း(ရွှေမန်းသား) ကလည်းကောင်း၊ ဒုတိယဆုကို စိုးမောင်မောင်ဇော်၊ တတိယဆုကို အောင်ကျော်ထွန်း (ပုသိမ်ကြီး)တို့က ရရှိခဲ့သည်။ ထို့ပြင် နှစ်သိမ့်ဆုများကို စိုင်းစောသီဟကျော်၊ အောင်မျိုးထွန်း(ရွှေပြည်သစ်)၊ အေးလွင်ဦး (ရွှေပန်းချီ၊ ရမည်းသင်း)၊ ဦးလှတင့်၊ မီမီကိုလေး၊ ရဲလင်းထွန်း (လှသရဖူ)၊ ကျော်နိုင်လင်း (လရိပ်ပြာ)တို့ အပါအဝင် ပါဝင်ယှဉ်ပြိုင်သူများက ရရှိခဲ့ကြသည်။

ပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်တွင် ပထမဆုကို မစပယ်ဖြူ (Xin Shi Ji Chinese School)၊ ဒုတိယဆုကို မမွန်မြတ်မြင့်(CAEကိုယ်ပိုင်အထက်တန်းကျောင်း)နှင့် တတိယဆုကို မစုမြတ်ရတနာ (အောင်ပန်းမြေကိုယ်ပိုင်အထက်တန်းကျောင်း)တို့က အသီးသီး ရရှိခဲ့ကြသည်။ နှစ်သိမ့်ဆုများကို မမေသန့်ဇော်၊ မဇွန်ပွင့်ဖြူ၊ မငွေးရတနာမင်း၊ မောင်နေတိုးနှင့် မောင်အောင်ရဲပိုင်တို့က ရရှိခဲ့ကြသည်။

ပန်းချီပြိုင်ပွဲကို အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့်သုံးမျိုးဖြင့် ကျင်းပခဲ့ပြီး အဆင့်အလိုက် ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဧ)**

## ဥတ္တရသီရိမြို့နယ်၊ ပိုးစာတောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ဥတ္တရသီရိ မေ ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သရက်တောကျေးရွာအုပ်စု၊ ပိုးစာတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ပိုးစာတောကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမှူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင်လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေဖြင့် ကျေးရွာနေ ပြည်သူများ၏ လုပ်အားငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။ **အောင်ရဲကျော်**



# လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ ကျင်းပ

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ လွှတ်တော်ကိုယ်စားလှယ်များသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဌာနအလိုက် ရက်(၁၀၀)အတွင်း လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား တင်ပြပြီး တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုဦးက လွှတ်တော်မဲရွေးချယ်မှုနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး လူမှုရေးရာဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအပြန်အလှန် ညှိနှိုင်းတိုင်ပင်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အလင်းသစ်(ပြန်/ဆက်)



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး ဝန်ကြီး ဦးလှမျိုး ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးထားသော နှမ်းစပါး၊ နှမ်းနှမ်းနှင့် ဝါမျိုးစေ့ထုတ်စိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် ဧပြီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီးဝန်ကြီး ဦးလှမျိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး တိုင်းစိုက်ပျိုးရေးဦးစီးမှူး၊ ဒု-တိုင်းစိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးတို့သည် ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်၊ အင်ဒိုင်းကျေးရွာတွင် စိုက်ပျိုးထားသော နှမ်းစပါးမျိုးစေ့ထုတ်စိုက်ခင်းများ၊ ကုလကျေးရွာတွင် စိုက်ပျိုးထားသော နှမ်းနှမ်းမျိုးစေ့ထုတ်စိုက်ခင်းများနှင့် လွန်ကျော်ဝါသီးနှံသုတေသနနှင့်ဖွံ့ဖြိုးရေးခြံတွင် စိုက်ပျိုးထားသော ဝါမျိုးစေ့ထုတ်စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်အောင်က ဌာနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၅)





# ပြင်ဦးလွင်မြို့နယ်၌ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနခွဲမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ပြင်ဦးလွင်မြို့နယ် သစ်သီးယိုစုံနှင့် ဝိုင်လုပ်ငန်းရှင်များအား ၎င်းတို့၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် အစားအသောက်ထပ်ဖြည့်ပစ္စည်းများ မှန်ကန်စွာ သုံးစွဲနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ လုပ်ငန်း ၃၁ မျိုးမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး FDA ထောက်ခံချက်ရရှိရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

(အပေါ်ပုံ)

သွေးသွေး(ပြန်/ဆက်)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မချမ်းဘော ဧပြီ ၂၈**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ထရဒ်ဒမ်းကျေးရွာနှင့် နမ်ဆဘွမ်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မချမ်းဘောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၂၉၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၂၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၄ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၂၉၅ သန်း၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၂၉၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၀)



# MO's ANOTHER MO အမည်ဖြင့် ပန်းချီဆရာမ အိအိမို၏ တစ်ကိုယ်တော်လက်ရာ ပန်းချီပြပွဲ ပြုလုပ်မည်

**ပြင်ဦးလွင် ဧပြီ ၂၈**

MO's ANOTHER MO အမည်ဖြင့် ပန်းချီဆရာမအိအိမို၏ ဒုတိယအကြိမ် တစ်ကိုယ်တော်လက်ရာ ပန်းချီပြပွဲကို မေ ၁ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ် ဒုဋ္ဌဝတီလမ်း၊ အမှတ်(အ/၅၈)ရှိ တောင်လေ့ကား HOME ART အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ပန်းချီဆရာမ အိအိမိုအား မန္တလေးမြို့တွင် ပန်းချီဆရာကြီး ဦးခင်မောင်စန်း၊ ပန်းချီဆရာမ ခင်နန်းဆန်တို့က မွေးဖွားပြီး ပန်းချီပညာများကို ဆရာကြီးဦးခင်မောင်စန်း၊ ဆရာ ဦးစူးမြင့်သိန်းတို့ထံမှ သင်ကြားရေးဆွဲခဲ့ရာ Group Show ပွဲများတွင် ပါဝင်ပြသခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ANOTHER MO အမည်ဖြင့် ပထမဆုံးတစ်ကိုယ်တော်ပြပွဲ၊ ယခုသည် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲဖြစ်ကာ လူငယ်များကြား ရေပန်းစားနေသော DOODLES ART STYLE ရေးဆွဲထားသော ဖန်တီးထားသော အနုပညာလက်ရာများစွာအား တင်ဆက်ပြသသွားမည်ဖြစ်သည်။ ပြပွဲကို မေ ၁ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

(၀၇၀)




# ဂျပန်ဝန်ကြီးချုပ် ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်မည်

တိုကျို ဧပြီ ၂၈

ဂျပန်ဝန်ကြီးချုပ် တာကာအိချိ ဆာနာအဲသည် လာမည့် မေ ၁ ရက်မှ ၅ ရက်အထိ ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၈ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ကီဟာရ မိနိုရုက ယင်းခရီးစဉ်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် တာကာအိချိ ဆာနာအဲသည် ဗီယက်နမ်တွင် သမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်၊ ဝန်ကြီးချုပ် လီမင်ဟွန်းတို့ အပါအဝင် အခြားအဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံမည်ဖြစ်သည်။

ယင်းတွေ့ဆုံမှုများတွင် စွမ်းအင်နှင့် အရေးကြီးသတ္တုတွင်းထွက်ကဏ္ဍများအပါအဝင် နယ်ပယ်အသီးသီး၌ နှစ်နိုင်ငံအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရသည်။

ထို့အပြင် ဝန်ကြီးချုပ်သည် ဩစတြေးလျနိုင်ငံတွင် ဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနိစ်နှင့် တွေ့ဆုံကာ စီးပွားရေး၊ လုံခြုံရေးနှင့် အပြန်အလှန်ပူးပေါင်းမှုအစီအစဉ်များအပါအဝင် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို ဆွေးနွေးသွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# တရုတ်နိုင်ငံ ဟဲပေပြည်နယ်၊ ချင်ဟွမ်တောင်မြို့၊ ဖူနင်ခရိုင်တွင် ဘင်တန်းယု မဟာတံတိုင်း တောင်တက်အပြေးပြိုင်ပွဲ ကျင်းပ

ပေကျင်း ဧပြီ ၂၈

တရုတ်နိုင်ငံ ဟဲပေပြည်နယ်၊ ချင်ဟွမ်တောင်မြို့၊ ဖူနင်ခရိုင်တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် တရုတ်တောင်တက် အပြေးပြိုင်ပွဲသို့ တက်ရောက်ရန် တောင်တက်အပြေးသမား ၃၀၀၀ ကျော် ယမန်နေ့က စုရုံးရောက်ရှိခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘင်တန်းယု မဟာတံတိုင်း တောင်တက်အပြေးပြိုင်ပွဲဟုလည်း အမည်ပေးထားသည့် အဆိုပါပြိုင်ပွဲတွင် ၅ ကီလိုမီတာမှ ၅၀ ကီလိုမီတာအထိ အကွာအဝေး အမျိုးအစား လေးမျိုးပါဝင်ပြီး ထိပ်သီးအားကစားသမားများနှင့် အများပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့ကြသည်။

၅၀ ကီလိုမီတာနှင့် ၃၀ ကီလိုမီတာ အကွာအဝေးပြိုင်ပွဲများတွင် တရုတ်နိုင်ငံ၏ ထိပ်တန်းတောင်တက်အပြေးသမား အများအပြား ပါဝင်ယှဉ်ပြိုင်ကြကြောင်း ပွဲစီစဉ်သူများက ပြောကြားသည်။



အပြေးလမ်းကြောင်းသည် ပိုင်ရွှန် စစ်ဘက်ပြပွဲဥယျာဉ်မှ စတင်ပြီး ထိုနေရာ၌ပင် ပန်းဝင်ခြင်းဖြစ်ကာ ရှန်းတင်းတောင်၊ ယန်ရှန်းကျောက်တုံးတော၊ ဆီလျန်ချိုင့်ဝှမ်းနှင့် ဟွမ်ချူချိုင့်ဝှမ်း အစရှိသည့် သာယာလှပသော နေရာများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Mon

# လေယာဉ်ဆီဈေးနှုန်းမြင့်တက်မှုကြောင့် အဲအေးရှလေကြောင်းလိုင်းခရီးစဉ်များ ၃၀ ရာခိုင်နှုန်းလျှော့ချ

ဘန်ကောက် ဧပြီ ၂၈

ကမ္ဘာလုံးဆိုင်ရာ လေယာဉ်ဆီဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်လာခြင်းနှင့် နှစ်လယ်ခရီးသွားလျော့နည်းလာခြင်းတို့ကြောင့် Thai AirAsia လေကြောင်းလိုင်းသည် မေလမှ ဇွန်လအတွင်း လေယာဉ်ထိုင်ခုံစုစုပေါင်း၏ ပျမ်းမျှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်တွင် ကြေညာခဲ့သည်။

ပြည်တွင်းခရီးစဉ်များအတွက် သုဝဏ္ဏဘူမိလေဆိပ်မှ ပျံသန်းမည့် မေလနှင့် ဇွန်လအတွက် လေယာဉ်အချိန်ဇယားများကို လျှော့ချမည်ဖြစ်သော်လည်း ချင်းမိုင်နှင့် ဖူးခက်သို့ တိုက်ရိုက်ခရီးစဉ်များကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် ဖိုင်ရတ်ပွန်ပါသာနာနန်ဂွန်းက ပြောကြားသည်။

ထို့အပြင် ဒွန်မောင်းလေဆိပ်မှ ခရီးစဉ်များအားလုံးကို ဆက်လက်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သော်လည်း လေယာဉ်ပျံသန်းမှုအကြိမ်ရေကို ခရီးသည်လိုအပ်ချက်နှင့်အညီသာ ပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံတကာခရီးစဉ်များတွင် လည်ပတ်မှုစရိတ် မြင့်တက်လာခြင်းကြောင့် အိန္ဒိယလမ်းကြောင်းအချို့ကို ယာယီရပ်ဆိုင်းပြီး အချို့လမ်းကြောင်းများတွင် ပျံသန်းမှုအကြိမ်ရေ လျှော့ချမည်ဖြစ်ကာ တရုတ်၊ အရှေ့အာရှနှင့် အာဆီယံဒေသများသို့ ခရီးစဉ်များကိုမူ ပုံမှန်အတိုင်း ဆက်လက်ပြေးဆွဲသွားမည်ဖြစ်သည်။

လေယာဉ်အတွက် လောင်စာဆီသည် အဓိကကုန်ကျစရိတ်ဖြစ်ပြီး မကြာသေးမီက လေယာဉ်ဆီဈေးနှုန်း သုံးဆကျော်မြင့်တက်လာသဖြင့် ယခုကဲ့သို့ လုပ်ငန်းလည်ပတ်မှုအစီအစဉ်များကို ချိန်ညှိရခြင်းဖြစ်ကြောင်းနှင့် လောင်စာဆီဈေးနှုန်းများ ပြန်လည်တည်ငြိမ်လာပြီး ခရီးသွားလာမှု ပြန်လည်မြင့်တက်လာပါက လေကြောင်းလိုင်းခရီးစဉ်များကို ဆောလျင်စွာ ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံကို ရေရှည်တိုးတက်မှု အဓိကမောင်းနှင်အားအဖြစ် ဖာရာရီကုမ္ပဏီ အရှိန်အဟုန်မြှင့် အာရုံစိုက်ဆောင်ရွက်လျက်ရှိ



ပေကျင်း ဧပြီ ၂၈

ဖာရာရီကုမ္ပဏီသည် တရုတ်နိုင်ငံကို ရေရှည်တိုးတက်မှုအတွက် အဓိက မောင်းနှင်အားအဖြစ် အရှိန်အဟုန်မြှင့် အာရုံစိုက်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး ဇိမ်ခံပစ္စည်းဈေးကွက် ပြန်လည်ဦးမော့လာရုံသာမက ပိုမိုခိုင်မာသည့် ထိပ်တန်းစားသုံးသူအခြေခံဖြင့် ပုံစံသစ်တစ်ရပ် ဖြစ်ထွန်းလာနေသည်ဟု ယုံကြည်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ ဇိမ်ခံပစ္စည်းဈေးကွက်သည် ပြန်လည်တည်ငြိမ်လာမည့် အစောပိုင်းလက္ခဏာများကို ပြသခဲ့ရာ အလွန်ကြွယ်ဝချမ်းသာသော စားသုံးသူများသည် တန်ဖိုးကြီးကုန်ပစ္စည်းများနှင့် အထူးစီစဉ်ထားသော ဝန်ဆောင်မှုများကို ဆက်လက်စိတ်ဝင်စားနေကြသည့်အတွက် အဆင့်မြင့်ဈေးကွက်၏ ဝယ်လိုအား မြင့်မားနေဆဲဖြစ်သည်။

အယ်လ်ဗွီအမ်အိတ်ချ်အပါအဝင် ကမ္ဘာလုံးဆိုင်ရာ ဇိမ်ခံကုန်ပစ္စည်းအုပ်စုများသည်လည်း အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၌ ခိုင်မာသော ဝယ်လိုအားရှိခဲ့ကြောင်း အစီရင်ခံတင်ပြကြသည်။

ထိုသို့ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုကို ဇိမ်ခံမော်တော်ယာဉ်ကဏ္ဍတွင် ပိုမိုထင်ရှားစွာ မြင်တွေ့လာရသည်။ တရုတ်နိုင်ငံသည် လျှပ်စစ်စွမ်းအင်သုံးနှင့် ဒစ်ဂျစ်တယ်စနစ်သုံး သွားလာမှုကဏ္ဍသို့ ကူးပြောင်းခြင်းကို အရှိန်မြှင့်တင်နေသဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုအခင်းအကျင်းမှာလည်း ပြောင်းလဲလာသည်။

ဤကဲ့သို့သော အခြေအနေများကြားတွင် ဖာရာရီသည် ၎င်း၏ အနှစ်သာရဖြစ်သော ဇိမ်ခံအမှတ်တံဆိပ်အဖြစ် ဆက်လက်တည်ရှိနေပြီး မော်တော်ယာဉ်များ ထုတ်လုပ်ရုံသာမက ပိုမိုကျယ်ပြန့်သော လူနေမှုဘဝပုံစံကို ဖော်ဆောင်ပေးသည့် လုပ်ငန်းတစ်ခုအဖြစ် တည်ရှိနေကြောင်း သိရသည်။

Mon

# အမေရိကန်သမ္မတ ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းမှုဖြင့် ကာလီဖိုးနီးယားပြည်နယ်မှ အမျိုးသားတစ်ဦးကို တရားစွဲ

ဝါရှင်တန် ဧပြီ ၂၈

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံရန် ကြိုးပမ်းမှုဖြင့် ကာလီဖိုးနီးယားပြည်နယ်မှ အမျိုးသားတစ်ဦးကို တရားစွဲဆိုထားကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ်ရှိ ကိုးလ် တောမတ်စ်အလန်ကို ဧပြီ ၂၇ ရက်က ဝါရှင်တန်မြို့တော်ရှိ တရားရုံးတစ်ခုတွင် ရုံးထုတ်စဉ်အတွင်း လက်နက်မှုနှစ်ခုဖြင့်လည်း တရားစွဲဆိုသည်။

စနေနေ့က ကျင်းပသည့် အိမ်ဖြူတော်သတင်းထောက်များအသင်း၏ ညစာစားပွဲတွင် လုံခြုံရေးစစ်ဆေးရေးဂိတ်ကို ကျော်ဖြတ်ဝင်ရောက်စဉ် ၎င်းသည် ဆီမီးအော်တိုမက်တစ် လက်နက်ငယ်တစ်စုံ၊ ပန့်အက်ရှင် သေနတ်တစ်လက်နှင့် ဓားသုံးလက်ကိုင်ဆောင်ထားကြောင်း တရားလိုများက ပြောကြားသည်။

ဟိုတယ်၌ဖြစ်ပွားသည့် အဆိုပါတိုက်ခိုက်မှုအတွင်း လုံခြုံရေးအဖွဲ့ဝင်တစ်ဦး သေနတ်ထိမှန်ပြီး ဒဏ်ရာမှာ စိုးရိမ်စရာမရှိသော်လည်း တရားခံတွင် အပြစ်ရှိကြောင်း တွေ့ရှိရပါက တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံရနိုင်ကြောင်း သိရသည်။

Mon

0-0-0-0-0

# အင်ဒိုနီးရှားနိုင်ငံတွင် ရထားနှစ်စီး ဝင်တိုက်မှုဖြစ်ပွား စုံစမ်းစစ်ဆေးရန် သမ္မတက အမိန့်ပေး

ဂျကာတာ ဧပြီ ၂၈

အင်ဒိုနီးရှားနိုင်ငံတွင် ခရီးဝေးသွားရထားတစ်စီးသည် ရပ်နားထားသော မြို့ပတ်ရထားတစ်စီးကို ဝင်တိုက်မိခြင်းကြောင့် လူ ၁၄ ဦး သေဆုံးပြီး ဒါဇင်နှင့်ချီသော လူများ ဒဏ်ရာရရှိခဲ့ခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် သမ္မတက ဧပြီ ၂၈ ရက်တွင် အမိန့်ပေးလိုက်ကြောင်း စီအင်န်သတင်းဌာနက ဖော်ပြသည်။

မြို့တော်ဂျကာတာ၏ အရှေ့ဘက် ဘီကာစီတီမူရ်ဘူတာအနီးတွင် ယမန်နေ့ညက ဖြစ်ပွားခဲ့သော အဆိုပါ ရထားတိုက်မှုကြောင့် ပျက်စီးသွားသည့် ရထားတွဲများအတွင်းမှ လူများကို ကယ်ဆယ်ရေးအဖွဲ့များက ၁၂ နာရီနီးပါးကြာအောင် ကြိုးပမ်းထုတ်ယူခဲ့ရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများမှာ ယနေ့နံနက်တွင် အားလုံးပြီးစီးသွားပြီဖြစ်ကြောင်းနှင့် ထပ်မံရှာဖွေရမည့်သူများ မရှိတော့သည်မှာ သေချာသည်ဟု အမျိုးသားရှာဖွေကယ်ဆယ်ရေးအေဂျင်စီ၏ အကြီးအကဲ မိုဟာမက်ရှာဖီအီက ဧပြီ ၂၈ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားကြောင်း သိရသည်။

Mon

# မော်တော်ယာဉ်တစ်စီး ချောင်းအတွင်း မျောပါ၍ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့

**ကျောက်ပန်းတောင်း ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ကျေးရွာအနီးရှိ ဆည်ပေါက်ချောင်း၏ အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းသဖြင့် ဧပြီ ၂၆ ရက် ညနေ ၅ နာရီခွဲခန့်က ကျောက်ပန်းတောင်း-ပုပ္ပားလမ်းပေါ်ရှိ ဆည်ပေါက်ချောင်းရေမှာ ရုတ်တရက် ကျဆင်းခဲ့၍ မော်တော်ယာဉ်တစ်စီးနှင့် ယာဉ်ပေါ်ပါ ခရီးသည်များ ပိတ်မိနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ် ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့နယ်၊ ကမ်းဖြူကျေးရွာအုပ်စု၊ ထန်းပေါက်ကုန်းကျေးရွာနေ ဦးမြင့်နိုင် မောင်းနှင်လာသော Dayna မော်တော်ယာဉ်သည် ကျောက်ပန်းတောင်းမြို့မှ ဈေးဝယ်ပြီးအပြန် အဆိုပါချောင်းအား ဖြတ်ကူးစဉ် မော်တော်ယာဉ်မှာ ရေစီးနှင့် မျောပါပြီး ယာဉ်ပေါ်ပါ ခရီးသည်များ ပိတ်မိနေကြောင်း ပြည်သူတစ်ဦးမှ ဖုန်းသတင်းပေး အကူအညီတောင်းခံသဖြင့် ကျောက်ပန်းတောင်းမီးသတ်စခန်းမှ မြို့နယ်ဦးစီးမှူး ဦးသန်းမြင့် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်တပ်ဖွဲ့ဝင် သုံးဦး၊ မီးသတ်ယာဉ်တစ်စီး၊ ပုပ္ပားနယ်မြေ မီးသတ်စခန်းမှ သန္ဓေတပ်ဖွဲ့ဝင်လေးဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းကျော်သူနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနောင်ထွန်းနီ၊ အတွင်းရေးမှူး ရဲမှူးနိုင်ဝင်းထွန်းတို့က အနီးကပ်ကြီးကြပ်၍ ဒေသခံပြည်သူများ၊ ပရဟိတ အသင်းအဖွဲ့များက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါယာဉ်ပေါ်ပါ အမျိုးသားငါးဦး၊ အမျိုးသမီး ၁၁ ဦး၊ ကလေးသုံးဦး၊ စုစုပေါင်း ၁၉ ဦးတို့အား ညနေ ၆ နာရီ ၃၄ မိနစ်တွင် ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးနိုင်ခဲ့ပြီး အဆိုပါ ဖြစ်စဉ်တွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်မှု မရှိကြောင်းနှင့် ချောင်းအတွင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်စေရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့များက ကူညီလမ်းပြမှုများ ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၆)





# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း ဆောင်ရွက်

**ကျောက်ဆည် ဧပြီ ၂၈**

ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ စက်ရုံများ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာရုံးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးများ၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက ခရိုင်စားသုံးသူရေးရာဦးစီးဌာနတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမောင်ထူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးက မီးလောင်မှုအမျိုးအစားများနှင့် မီးလောင်မှုဖြစ်ပွားရခြင်း၏ အခြေခံသဘောတရားများအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး တပ်ဖွဲ့ဝင်များက ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများအား မီးငြိမ်းသတ်ခြင်းများ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ထက်ထက်(ကျောက်ဆည်)

*-*-*-*-*-*-*

ဥပဒေဘောင်
အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ ။



# သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားသဖြင့် ရှင်းလင်း

**စစ်ကိုင်း ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နန္ဒာဝန်ကွက်သစ်ရပ်၊ ဆေးရုံအဟောင်းလမ်းတွင် လုံးပတ် ၁၀ ပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ ကုက္ကိုပင် ကိုင်းခြောက်ပဲ့ကျပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဧပြီ ၂၅ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က စစ်ကိုင်းမြို့နယ် မီးသတ်ခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီတွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

*-*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

**ပဲခူး ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက် နံနက် ၁၁ နာရီတွင် အုတ်တွင်းမြို့နယ်၊ ပဲခူးလမ်းရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၅၀ မိုင် ၃ ဖာလုံ အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်တွင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူမြို့မှ အုတ်တွင်းမြို့ဘက်သို့ တံတားဦးမြို့နယ်၊ ချောင်းဘတ်ကျေးရွာနေ ဦးဂျေမောင်မောင် (၃၅)နှစ်ဆိုသူ မောင်းနှင်သော TRACTOR HEAD ယာဉ်သည် လမ်းဘေးတွင် ရပ်တန့်ပြီး ဘိလပ်မြေအိတ်များ ချနေစဉ် ဘေးမှ ဖြတ်သန်းမောင်းနှင်သွားသော ပဲခူးလမ်းရပ်ကွက်နေ သားပြည့်(ခ)မြင့်မိုရ်ကျော်(၁၇) နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မြတ်မင်းသန့်(၁၆)နှစ်ဆိုသူ လိုက်ပါလာသော ဆိုင်ကယ်ပေါ်သို့ TRACTOR HEAD ယာဉ်တွင် အုပ်ထားသော မိုးကာစမှာ လေလွင့်ပြီး သားပြည့်(ခ)မြင့်မိုရ်ကျော်ဆိုသူ၏ မျက်နှာအား အုပ်မိ၍ ဆိုင်ကယ်တိမ်းမှောက်သွားစဉ် တောင်ငူမြို့နယ်၊ အုတ်ကျုတ်တန်းကျေးရွာနေ ဦးစိုးမိုးဟိန်း(ခ)စိုးမိုး(၃၇)နှစ်ဆိုသူ မောင်းနှင်လာသော JAC ယာဉ်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် သားပြည့်(ခ)မြင့်မိုရ်ကျော်ဆိုသူတွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မြတ်မင်းသန့်ဆိုသူတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဂျေမောင်မောင်နှင့် စိုးမိုးဟိန်း(ခ)စိုးမိုးဆိုသူ နှစ်ဦးအား အုတ်တွင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး၊ ဘူရွန်ဒီနိုင်ငံသားတစ်ဦး၊ ရဝမ်ဒါနိုင်ငံသားတစ်ဦးနှင့် လာအိုနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၄ ဦးတို့အား မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ



ထပ်မံလွှဲပြောင်းပေးသည်။

**ဆောင်ရွက်ပေး**

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးမှ Counsellor Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံရုံးမှ Second Secretary Mr. Bounkham Manivan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Kvsum Konti Chakma နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိ Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၆၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီးရရှိသော ငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ် ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၂၈

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ရရှိသောငွေကြေး အကျိုးအမြတ်အားခေါင်းပုံဖြတ် ရယူဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၉)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် အလုပ်လုပ်ကိုင်ရန်အတွက် တစ်မြို့နယ်တည်းနေ သူငယ်ချင်းဖြစ်သူ မယုယုခိုင်အား တိုင်ပင်ခဲ့ရာ မယုယုခိုင်က တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၈၀/ ၂၀၀ ရရှိမည်ဟု စည်းရုံးပြောဆို၍ ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင် (ပတ္တမြားဈေးအနီးရှိ) လက်ဖက်ရည်ဆိုင်တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် (၁၉)ရပ်ကွက်နေ ကိုဇာနည်မင်းနှင့် တွေ့ဆုံပေးခဲ့ရာ ကိုဇာနည်မင်းက အမျိုးသမီးကို တရုတ်အမျိုးသား Mr.WU JIN MIN(ဝူကျင်းမင်)နှင့် ဆက်လက်တွေ့ဆုံပေးခဲ့ကြောင်း။

တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်) က သဘောကျသဖြင့် တင်တောင်းငွေကျပ်သိန်း ၁၈၀ ပေးမည်ဟုပြောဆိုပြီး ကိုဇာနည်မင်းကို အကျိုးဆောင်ခငွေကျပ် ငါးသိန်းနှင့် မင်္ဂလာဆွမ်းကျွေးရန် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း၊ မင်္ဂလာဆွမ်းကျွေးသည့်နေ့တွင် တင်တောင်း ငွေကျပ်သိန်း ၈၀ နှင့် ကျောက်တံတားခရိုင်တရားရုံးတွင် လက်ထပ်ထိမ်းမြားလက်မှတ်ရေးထိုးစဉ် ငွေကျပ်သိန်း ၅၀ ကို အမျိုးသမီးထံသို့ပေးအပ်ခဲ့ကြောင်း၊ ကျန်ငွေကျပ်သိန်း ၅၀ ကိုလေယာဉ်တက်ချိန်ပေးမည်ဟုပြောဆိုခဲ့ပြီး တရုတ်နိုင်ငံသို့ သွားရောက်ရန် စာရွက်စာတမ်းများ ပြုလုပ်ပြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ရွှေပဒုမ္မာဟိုတယ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် တရုတ်နိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းစေရန် တင်တောင်းငွေများဖြင့် မက်လုံးပေးစည်းရုံးကာ အဓမ္မလက်ထပ်ထိမ်းမြားစေပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူ တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)၊ ကိုဇာနည်မင်းနှင့် မယုယုခိုင်တို့သုံးဦးကို အမှတ်(၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ရွှေပြည်သာ မြို့မရဲစခန်း(ပ)၂၀၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်) ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံ မယုယုခိုင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ အရ ကျင့် ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

၃။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက်(၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍) ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ အလုပ်ရှင်၏ ခွင့်စာ (Letter of Permission for Leave)ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာနိုင်ငံရှိမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်၊

(ခ) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားခြင်းမရှိသည့် နိုင်ငံများအနေဖြင့် အနီးဆုံးနိုင်ငံ သို့မဟုတ် အနီးဆုံးမြို့ရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်။

၄။ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် Work Permit၊ ဗီဇာနှင့် ခွင့်စာပါ လုပ်ငန်းခွင်နှင့် OWIC ကတ်တွင်ပါရှိသည့် လုပ်ငန်းခွင်မတူညီပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်အား အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်များထံမှ ခွင့်စာရယူပြီး အပိုဒ် ၃ ပါအတိုင်း ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံစာနှင့်အတူ ပြည်ပထွက်ခွာခွင့် တင်ပြနိုင်ရေးနှင့်ခွင့်စာအား လိမ်လည်တင်ပြလာပါက ကာလသတ်မှတ်ချက်တစ်ခုဖြင့် ပြည်ပထွက်ခွာခွင့်ပိတ်ပင်ခြင်းနှင့် အမည်မည်းစာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ဝင်ငွေတိုးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

မကွေး ဧပြီ ၂၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်း အနေဖြင့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို မကွေးမြို့နယ်၊ လျှောင်းတော်ဦးကျေးရွာတွင် ဧပြီ ၂၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနား၌ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စုစုခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မကွေးမြို့နယ်၊ လျှောင်းတော်ဦးကျေးရွာတွင် ယခုဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းကို အခြေခံနှင့် မွမ်းမံသင်တန်းအဖြစ် ၄၅ ရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ကိုးရွာ၌ လုပ်ငန်းရှင် ၄၅ ဦး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တွင် ကျေးရွာ ၁၆ ရွာ၌ လုပ်ငန်းရှင် ၈၀ ဦး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၁ ရွာ၌ လုပ်ငန်းရှင် ၁၀၅ ဦး မွေးထုတ်ပေးနိုင်ခဲ့သဖြင့် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း မကွေးတိုင်းဒေသကြီးတွင် လုပ်ငန်းရှင် ၂၃၀ ဦး ပေါ်ထွန်းလာခဲ့ပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာပေါင်း ၂၃ ရွာတွင် သင်တန်းများ ဖွင့်လှစ်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ရက်(၁၀၀)အတွင်း စီမံကိန်း ၁၆ ခု ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသားများအား သက်ဆိုင်ရာနည်းပညာရပ်များကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းသင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်း ထူထောင်မည့် ထူးချွန် သင်တန်းသား ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးပြီး ရက် (၁၀၀) အတွင်း ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



# နိုင်ငံတကာ အားကစား သတင်းများ



## မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဧပြီ ၂၈**

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မန်ယူအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၁မိနစ်တွင် ကက်စီမီရို၊ ပွဲချိန် ၄၃မိနစ်တွင် ဆက်စ်ကိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃၄)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၁ မှတ်ဖြင့် အဆင့် (၃)နေရာတွင် ရပ်တည်ခဲ့သည်။ **(ဝဲပုံ)**

**(NGB)**

## ဂျွန်မက်ဂင်းကို ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် ဧပြီ ၂၈**

အဲဗာတန်အသင်းသည် အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၃ ပွဲ ကစားပြီး ၃၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်း ကိုယ်တိုင်ကလည်း အသင်းပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းထံမှ ဂျွန်မက်ဂင်းကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**




## ဇာဗီဆိုင်မွန် ဒဏ်ရာပြင်းထန်စွာရရှိခဲ့မှုကြောင့် တစ်နှစ်နီးပါးအထိ အနားယူရဖွယ်ရှိ

**လန်ဒန် ဧပြီ ၂၈**

စပါးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဇာဗီဆိုင်မွန်သည် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့မှုကြောင့် တစ်နှစ်နီးပါးအထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် စပါးအသင်းက ဝုဖ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဇာဗီဆိုင်မွန် ဒဏ်ရာပြင်းထန်စွာ ရင်ဆိုင်ခဲ့ရမှုကြောင့် စပါးအသင်းသာမက နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် နယ်သာလန်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အောက်ပုံ)**

**(NGB)**






## 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ မေ ၃ ရက်တွင် စတင်မည်

**ပေကျင်း ဧပြီ ၂၈**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ လာမည့် မေ ၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲကို မေ ၃ ရက်မှ ၁၀ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 Jiangxi Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Jiangxi Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ရုရှားတင်းနစ်မယ် Anna Blinkova ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ပေါ်တိုအသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြ ဖာရီအိုလီပြောကြား

**လန်ဒန် ဧပြီ ၂၈**

ပေါ်တိုအသင်းနည်းပြ ဖာရီအိုလီက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ နည်းပြကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်နေသော်လည်း ၎င်းက ပေါ်တိုအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



နည်းပြ ဖာရီအိုလီသည် ပေါ်တိုအသင်းကို ၂၀၂၅ ခုနှစ် ဇူလိုင် ၆ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ပွဲ ၅၀ တွင် ၃၇ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ငါးပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ နည်းပြ ဖာရီအိုလီက "ကျွန်တော် ပေါ်တိုအသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားဦးမှာပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်"ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**

## စီးရီးအေတွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် ဒီမာကို မှတ်တမ်းဝင်

**မီလန် ဧပြီ ၂၈**

အင်တာမီလန် အသင်း နောက်ခံကစားသမား ဒီမာကို (ဂိုးဖန်တီးမှု ၁၇ဂိုး)သည် ပါပူဂိုးမက်ဇ် (ဂိုးဖန်တီးမှု ၁၆ဂိုး) အားကျော်ဖြတ်ကာ စီးရီးအေတွင် တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် အင်တာမီလန်အသင်းက တိုရီနိုအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် မာကပ်စ်သူရမ်သွင်းယူသည့် သွင်းဂိုးအား ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**

နောက်ခံကစားသမား ဒီမာကိုသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၀ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဒီမာကိုက "အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်းတွေအပြင် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## လီဝန်ဒေါ်စကီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာမည်

**ဘာစီလိုနာ ဧပြီ ၂၈**

ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝန်ဒေါ်စကီးသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး လီဝန်ဒေါ်စကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၈ပွဲကစားပြီး ၁၁၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး လီဝန်ဒေါ်စကီးအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## စတီဗင်ဂျရတ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဘရစ္စတိုးစီးတီးအသင်း စီစဉ်

**လန်ဒန် ဧပြီ ၂၈**

ဘရစ္စတိုးစီးတီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ စတီဗင်ဂျရတ်အား ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် အက်စတွန်ဗီလာ၊ ရိန်းဂျားစ်၊ အယ်လ်အစ်တီဖတ် စသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘရစ္စတိုးစီးတီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ စတီဗင်ဂျရတ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဘရစ္စတိုးစီးတီးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိသည်။

ထို့ကြောင့် နည်းပြ စတီဗင်ဂျရတ်အား ဘရစ္စတိုးစီးတီးအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**

0-0-0-0-0-0-0-0




### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ပ-အကျော့ပွဲစဉ်) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၃၀-၄-၂၀၂၆ ကြာသပတေးနေ့ | နံနက်၀၁း၃၀နာရီ | အက်သလက်တီကို - အာဆင်နယ် (စပိန်-၄) (အင်္ဂလန်-၁) | အက်သလက်တီကို ၁-၁ အာဆင်နယ် အာဆင်နယ် ၄-၀ အက်သလက်တီကို |

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**သာစည် ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးမျိုးသက်ကျော်က အဖွင့် အမှာစကားပြောကြားပြီး မြို့နယ် စီမံကိန်း ရေးဆွဲအကောင်အထည် ဖော်ရေး ကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်က ဒေသန္တရ စီမံကိန်းရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။ ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော် မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ က လယ်ယာကဏ္ဍ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များကိုလည်း ကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ ဖြင့် ဆောင်ရွက်မည့် ရင်းနှီး မြှုပ်နှံမှု စီမံကိန်းများကိုလည်း ကောင်း သက်ဆိုင်ရာဌာနများသို့ အသီးသီး ပေးအပ်ခဲ့သည်။

(ဝဲပုံ)

ထို့နောက် မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူးက နိဂုံးချုပ်စကား ပြော ကြားခဲ့ကြောင်း သိရသည်။

(၄၈၇)

*-*-*-*-*

## သွားကျန်းမာရေးကွင်းဆင်း ကုသပေးလျက်ရှိ

**ကလော ဧပြီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ တိုက် နယ်ခန်းမ၌ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ သွားဘက်ဆိုင်ရာ ပါမောက္ခများ ဦးဆောင်သော ဘွဲ့လွန်သင်တန်း သား ဆရာဝန်များအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီခွဲမှစ၍ သွားကျန်းမာရေး အခမဲ့ကုသ ပေးခြင်း ဆောင်ရွက်လျက်ရှိ သည်။ (အောက်ပုံ)

ထိုသို့ ကွင်းဆင်းဆောင်ရွက် ရာတွင် သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ များနှင့် ဟဲဟိုးတိုက်နယ်တာဝန်ခံ ဆရာဝန် ဒေါက်တာအာကာမြင့်၊ မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း ၍ ဟဲဟိုးမြို့မှ ပြည်သူများအား သွားကျန်းမာရေး ကုသစမ်းသပ် ပေးခြင်း၊ သွားကျန်းမာရေး အကြောင်း အသိပညာပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်

**ချောက် ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ ရက် (၁၀၀)စီမံချက်ဖြင့် သွေးလွန် တုပ်ကွေးရောဂါ ကြိုတင်ကာ ကွယ်ရေး အသိပညာပေးလုပ်ငန်း များ ဆောင်ရွက်ခြင်းကို ယမန် နေ့ နံနက် ၉ နာရီက အမှတ် (၁၀)ရပ်ကွက်၊ အေးစေတီရပ်နှင့် အမှတ်(၁၃)ရပ်ကွက်၊ အာရှရပ် တွင် စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ သည်။ (အောက်ဝဲပုံ)



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ ဆရာဝန်ကြီး ဒေါက်တာ မျိုးသက်ဦး ဦးဆောင်၍ ကျန်းမာ ရေး ဝန်ထမ်းများ၊ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့များ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင် သောအဖွဲ့က ရပ်ကွက်များသို့ သွားရောက်၍ သွေးလွန်တုပ် ကွေးရောဂါကာကွယ်ရေးလုပ်ငန်း များကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး လုပ်ငန်းဖြစ် သည့် ခြင်ကျားလောက်လမ်း နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက် ခြင်း၊ အဘိတ်ဆေးခတ်လုပ်ငန်း များ ဆောင်ရွက်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း ကျန်ရှိနေ သော ရပ်ကွက်များ၊ မြို့နယ် အတွင်းရှိ ကျေးရွာများတွင်လည်း ရက်(၁၀၀)စီမံချက်ဖြင့် အရှိန် အဟုန်မြှင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ကျေးရွာငါးရွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**မိတ္ထီလာ ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ် (၄)မြို့နယ်မှ ကျေးရွာငါးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံ ကိန်း VDP ထောက်ပံ့ရန်ပုံငွေ ကျပ် သိန်း ၇၅၀၊ ကျေးရွာ ပြည်သူလူထုထည့်ဝင်ငွေ၊ လုပ် အားများဖြင့် ပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာငါးရွာမှာ မိတ္ထီလာမြို့နယ်မှ ပန်းတင်ကျေး ရွာ၊ မလှိုင်မြို့နယ်မှ ရေချိုဘူတာ ကျေးရွာနှင့် ကြိုးကြာဥကျေးရွာ၊ ဝမ်းတွင်းမြို့နယ်မှ အုပ်နဲ့ကျေး ရွာ၊ သာစည်မြို့နယ်မှ ရွှေလုံ့(မ) ကျေးရွာတို့ဖြစ်ပြီး ယခုအချိန်တွင် ကျေးရွာများ၌ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်း ခြင်း၊ သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"အဆိုပါ VDP စီမံကိန်းမှာ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးရွာသူ၊ ကျေးရွာ သားများကိုယ်တိုင် မိမိတို့ ကျေး ရွာ၏ ပကတိလိုအပ်ချက်များ ပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကို မိမိတို့ကိုယ်တိုင် ရေးဆွဲပြီး အဆိုပါစီမံချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်း စဉ်များတွင် ထည့်သွင်းရေးဆွဲနိုင် ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြစ်ပြီး နှစ်စဉ် VDP စီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာ ပြည်သူလူထု ထည့်ဝင်ငွေများဖြင့် လမ်း၊ တံတား၊ သောက်သုံးရေ ရရှိရေး၊ မီးလင်းရေး အစရှိသည့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ပေးလျက်ရှိကြောင်း" မိတ္ထီလာ ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ပြောသည်။

(ဝဲပုံ)

**ငြိမ်းသူ**

*-*-*-*-*

## မွေးမြူရေးကဏ္ဍအတွက် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးမည့် အခြေခံသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၈**

မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်သည် မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းကဏ္ဍ များတွင် နည်းပညာများကို ထိရောက်ကျယ်ပြန့်စွာ အသုံးပြု နိုင်ရန် ရည်ရွယ်၍ "မွေးမြူရေး အခြေပြု စက်မှုကျွမ်းကျင်ရေး အခြေခံသင်တန်း" (Training on Basic Industrial Skills for Livestock Production)ကို လာမည့် မေလအတွင်း ဖွင့်လှစ် သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို School of Industrial Training and Education (SITE) နှင့် ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်မှ ၂၃ ရက် အထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရှိ SITE သင်တန်းကျောင်း၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင် အမှန် တကယ် လိုအပ်လျက်ရှိသော စက်မှုကျွမ်းကျင် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေး ရန်အတွက် ယခုကဲ့သို့ ပူးပေါင်း ဆောင်ရွက်ရခြင်းဖြစ်သည်။

သင်တန်းတွင် ခေတ်မီအအေး ပေး အလုံပိတ်စနစ် (Closed System) မွေးမြူရေးခြံများ၊ အစာ စပ် စက်ရုံများနှင့် ထုတ်ကုန် လုပ်ငန်းခွင်များတွင် အသုံးဝင်မည့် Electrical Technology, Machinery and Plant Equipment နှင့် IoT Basic စသည့် ဘာသာ ရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ ထို့ ပြင် မွေးမြူရေးခြံများတွင် လက် တွေ့ အသုံးချနိုင်မည့် ဖြည့်စွက် သင်ခန်းစာများကိုလည်း ထည့် သွင်းပို့ချသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း SITE ကျောင်းရှိ ခေတ်မီ Lab ခန်းများတွင် စုစုပေါင်းသင်တန်း ချိန် နာရီ ၇၀ ကြာမြင့်စွာ လေ့လာ သင်ယူရမည်ဖြစ်ပြီး နယ်ဝေးမှ လာရောက်တက်ရောက်မည့်သူ များအတွက် အဆောင်စီစဉ်ပေး ထားသည်။ ပထမအကြိမ်အဖြစ် ဖွင့်လှစ်သည့် ဤသင်တန်းတွင် အရည်အသွေးပြည့်ဝစေရန်အတွက် သင်တန်းသားဦးရေ ၂၀ ဦးသာ ကန့်သတ် လက်ခံသွားမည်ဖြစ် သည်။

သင်တန်းတက်ရောက်မည့် သူများသည် အနည်းဆုံး အခြေခံ ပညာအထက်တန်းအဆင့် ရှိရ မည်ဖြစ်ပြီး လက်ရှိတွင် ခေတ်မီ မွေးမြူရေးခြံများနှင့် စက်ပစ္စည်း အသုံးပြုထုတ်လုပ်ရသည့် လုပ်ငန်း ခွင်များ၌ တာဝန်ထမ်းဆောင်နေ သူများ အဓိက တက်ရောက်နိုင် မည်ဖြစ်သည်။ စိတ်ပါဝင်စားသည့် ဝန်ထမ်းများနှင့် စေလွှတ်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် သတ် မှတ်ချက်နှင့်အညီ လျှောက်ထား နိုင်ရန် စီစဉ်ထားသည်။

သင်တန်းအပ်နှံလိုသူများ အနေဖြင့် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် ဖုန်း ၀၉-၄၄ ၇၇၃၀၈၀၇ သို့ ဆက်သွယ်စုံစမ်း နိုင်ပြီး ဧပြီ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်း ပေးသွင်းရမည်ဖြစ်သည်။ လူဦးရေ ကန့်သတ်ထားသဖြင့် သတ်မှတ် ရက်ထက် စော၍ အပ်နှံနိုင်ရန် အဖွဲ့ချုပ်က တိုက်တွန်းထား ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

*-*-*-*-*



စက်သုံးဆီဖြည့်နေစဉ် လက်ကိုင်ဖုန်း မပြောရ။



## နွေသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုမြေသြဇာရောင်းချ

**ညောင်ဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ နွေသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု မြေသြဇာရောင်းချပွဲကို ယနေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနော်ရထာခန်းမ၌ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက ပန်းတိုင်သီးနှံ ၁၀ မျိုးတွင် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စိုက်ပျိုးသည့်အပြင် သီးနှံ ၁၃ မျိုးအနေဖြင့် ကြက်သွန်၊ ကြက်သွန်ဖြူ ၊ ကုလားပဲသီးနှံများပါ ပန်းတိုင်အထွက်နှုန်းသီးနှံအဖြစ် စိုက်ပျိုး အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြစ်ရေတင်သုံးခုတွင် နွေစပါးစိုက်ပျိုးပြီး၊ မြစ်ရေတင်လေးခုတွင် ပဲတီစိမ်းသီးနှံအား စိုက်ပျိုးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

၂၀၂၅-၂၀၂၆ခုနှစ် ညောင်ဦးမြို့နယ်တွင် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ဆောင်ရွက်လျက်ရှိရာ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးလက်တောင်သူများ တက်ရောက်ခဲ့ကြောင်း၊နွေသီးနှံစိုက်ပျိုးတောင်သူများအား တိုင်းဒေသကြီး အစီအစဉ်ဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် သွင်းအားစု ယူရီးယားမြေသြဇာများ စုပေါင်းရောင်းချသည့်အခမ်းအနားကျင်းပခဲ့ရာ ကျေးလက်တောင်သူများက ဝယ်ယူခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

## ရက်(၁၀၀)စီမံချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**လဲချား မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် အစိုးရသစ်ကာလ အများပြည်သူများ၏ အခြေခံလိုအပ်ချက်ကိုရှေးရှု၍ ရက်(၁၀၀)စီမံချက်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများကို မေ ၂၇ ရက် နံနက် ၁၀ နာရီက ပုံတိုက်ကျေးရွာအုပ်စုသို့ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်စာရေးနှင့် ရပ်မိရပ်ဖများမှ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး ၄င်းရက်(၁၀၀) စီမံချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်စွမ်းရည်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မန္တလေး မေ ၂၈**

၂၀၂၆ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးခရိုင်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်နက်မဲ့စစ်ရေးပြ၊ အပေါ့စားမီးသတ်စက်ကလေး၊ မီးသတ်စက်ကြီးနှင့် တစ်ဦးချင်းစွမ်းရည် Brave Heart ပြိုင်ပွဲဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၄၅လမ်း၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး စစ်ရေးပြကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ပြိုင်ပွဲသို့ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ခရိုင်အရန်မီးသတ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်အလိုက် လက်နက်မဲ့စစ်ရေးပြ၊ အပေါ့စား မီးသတ်စက်ကလေး၊ မီးသတ်စက်ကြီးနှင့် တစ်ဦးချင်း မီးသတ်စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၀၄၅)







## နွေစပါးစိုက်ခင်း စံကွက်ရိတ်သိမ်း

**စစ်ကိုင်း မေ ၂၈**

စစ်ကိုင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က စည်တီးကျေးရွာ၊ ကွင်းအမှတ်(၈၁၇)၊တောင်သူ ဦးစိုး၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ နွေစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဆင်းသုခစပါးမျိုး တစ်ဧကလျှင် ၁၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နေလင်းအောင်(ပြန်/ဆက်)**

*- *- *- *- *

## ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ကန့်ဘလူ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် မြေထူးကျေးရွာ ရွှေဂူမြင့်စေတီတော် ဓမ္မာရုံ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ကျေးရွာပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီး ဝင်ငွေတိုးပွားရေးအတွက် ဒေသထွက်ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခုလို ကွင်းဆင်းကာ ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ခရိုင်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသိပညာပေးဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးဆရာမရရှိရေး၊ ကျောင်းဆောင်အမိုးပြုပြင်နိုင်ရေး၊ ကွန်ကရစ်လမ်း ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် လှည်းလမ်းရရှိရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များရရှိရေး၊ စနစ်တကျ လယ်ယာမြေဖော်ထုတ်ပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးနိုင်ရေးတို့အတွက် တင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တောက္ကရုပ်ကျေးရွာ အရှေ့ကျောင်းဘုန်းတော်ကြီးကျောင်း၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲပြုလုပ်ပြီး ဒေသခံတောင်သူများ နေကြာကို သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးအတွက် နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ကာကွယ်ဆေးထိုးစီမံချက် ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနီနီဝင်းနှင့် တောင်ကြီးမြို့နယ် ကြီးကြပ်ရေးအဖွဲ့တို့သည် ယမန်နေ့က တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ တောင်လေးလုံးရွာလယ်ခန်းမတွင် ကျေးရွာအုပ်စုအတွင်းရှိ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူသူ ၄၆ ဦးနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မင်းထွန်းက ရက်(၁၀၀)ကာကွယ်ဆေးထိုးမည့် စီမံချက်ကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဒေါက်တာနီနီဝင်းက မွေးမြူရေးခြံသုံး ရောဂါပိုးသတ်ဆေးများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံသို့ ပေးအပ်သည်။

တောင်ကြီးမြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရန် မြေပြင်ကွင်းဆင်းမှုအဖွဲ့သည် မြေပြင်တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူထားရှိမှု စာရင်းကောက်ယူခြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်များအား လိုအပ်သည့် ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ အုပ်စုအလိုက် ကွင်းဆင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ စာရင်းပြုစု၊ စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*




## အပူရှိန်ပြင်းချိန်မှာ ရှောင်သင့်တဲ့ အစားအစာများ

နွေရာသီရဲ့ အပူရှိန်ကို အံတုဖို့အတွက် အပြင်ပန်း ဝတ်စားဆင်ယင်မှုတင်မကဘဲ အတွင်းပိုင်းကနေ ခန္ဓာကိုယ်ကို အေးမြအောင် လုပ်ပေးနိုင်တဲ့ အစားအသောက်တွေကလည်း အလွန်အရေးကြီးတာကြောင့် အပူရှိန်ပြင်းချိန်မှာ ရှောင်သင့်တဲ့ အစားအစာတွေကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ကဖင်း(Caffeine)**

ကော်ဖီနဲ့ လက်ဖက်ရည် ပြင်းပြင်းတွေက ဆီးခဏခဏ



သွားစေပြီး ခန္ဓာကိုယ်ထဲက ရေဓာတ်ကို ခန်းခြောက်စေတတ်ပါတယ်။

**(၂) အပူအစပ်၊ ဆီကြော်စာနဲ့ အငန်ကဲတဲ့ အစားအစာ**

ငရုတ်သီး အလွန်အကျွံပါတဲ့ ဟင်းတွေနဲ့ ဆီပြန်ဟင်းတွေက ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မဖြစ်စဉ်ကို မြန်စေပြီး ကိုယ်အပူချိန်ကို ပိုတက်စေပါတယ်။ ဆီကြော်စာတွေကလည်း ခန္ဓာကိုယ်တွင်းကို အပူတက်စေပြီး အပူအောင်းစေတဲ့အပြင် ဆီကြော်စာတွေစားပြီး မအီမသာဖြစ်စေနိုင်ပါတယ်။ နောက်ထပ်ရှောင်သင့်တာကတော့ အငန်ကဲတဲ့ အစားအစာတွေဖြစ်တဲ့ ငါးပိရည်၊ ငါးခြောက်နဲ့ အငန်ဓာတ်များတဲ့ အစားအစာတွေဟာ နေပူပြင်းချိန်မှာစားရင် သွေးတိုးပြီး အသက်အန္တရာယ်ဆုံးရှုံးတဲ့အထိဖြစ်နိုင်တာကြောင့် သတိထားဖို့လိုပါတယ်။

**(၃) အရက်သေစာများ**

အရက်က ခန္ဓာကိုယ်ကို ရေဓာတ်ခန်းခြောက်မှု (Dehydration) စေပြီး ခန္ဓာကိုယ်အတွင်းပိုင်းကို ပူစေတဲ့အပြင် နေအလွန်ပူနေတဲ့အချိန်သောက်လို့ အခန့်မသင့်ရင် အသက်ဆုံးရှုံးတဲ့အထိ အဆိုးရွားဆုံး ဖြစ်စေနိုင်ပါတယ်။

အပူဆုံးအချိန်တွေဖြစ်တဲ့ မွန်းတည့် ၁၂ နာရီကနေ မွန်းလွဲ ၃ နာရီအတွင်းမှာ အစာအများကြီးကို တစ်ခါတည်း မစားပါနဲ့။ အစာချေဖျက်ဖို့ ခန္ဓာကိုယ်က အလုပ်လုပ်ရတဲ့အခါ အပူချိန်ပိုတက်လာတတ်လို့ အစာကို နည်းနည်းချင်း ခွဲစားပေးတာက ပိုအဆင်ပြေပါတယ်။

**Daisy**

## ဝက်ခြံနဲ့ အဆီပြန်တာတွေအတွက် Salicylic Acid

Salicylic Acid ဆိုတာ BHA (Beta Hydroxy Acid) လို့ ခေါ်တဲ့ အက်စစ်တစ်မျိုးပဲ။ သူ့ရဲ့ ထူးခြားချက်က အဆီမှာ ပျော်ဝင်နိုင်တာပဲ။ ဒါကြောင့် သူက အရေပြားပေါ်တင်မကဘဲ ချွေးပေါက်ထဲအထိ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်သွားနိုင်ပြီး ချွေးပေါက်ကို ပိတ်ဆို့နေတဲ့ အညစ်အကြေးတွေနဲ့ အဆီခဲတွေကို 'ဖောက်ထုတ်' ပေးနိုင်တဲ့ စွမ်းအားရှိတယ်။

ဝက်ခြံခဏခဏ ထွက်တတ်တဲ့သူတွေအတွက်တော့ Salicylic Acid က တကယ့်ကို ကယ်တင်ရှင်ပဲ။ သူက ဝက်ခြံဖုတွေ ရောင်ရမ်းတာကို လျော့ကျစေသလို၊ ဆားဝက်ခြံ (Blackheads/Whiteheads) တွေကိုလည်း အမြစ်ကနေ ဖယ်ရှားပေးတယ်။ နောက်ပြီး အသားအရေကို အလွှာပါးလေး လီးပေးသလိုမျိုး (Exfoliation) လုပ်ပေးနိုင်တော့ အသားက ပိုချောလာပြီး အမည်းစက်တွေကိုလည်း မြန်မြန်ပါးသွားစေတာပေါ့။

ဒါပေမဲ့ သူက နည်းနည်းပြင်းတတ်တော့ သုံးတဲ့အခါ သတိထားရမယ့် အချက်လေးတွေ ရှိတယ်။ ပထမဆုံးကတော့ အသားအရမ်းခြောက်သွားတတ်တာပဲ။ ဒါကြောင့် သူ့ကိုသုံးရင် Moisturizer သေချာပြန်လိမ်းပေးဖို့ လိုတယ်။ နောက်ပြီး သူက အသားအရေကို နေရောင်ဒဏ် ပိုခံစားရလွယ်စေလို့ နံနက်ပိုင်းဆိုရင် Sunscreen (နေလောင်ကာခရင်မ်) ကို လုံးဝ မမေ့ဘဲ လိမ်းပေးဖို့တော့ လိုပါတယ်။

သုံးပုံသုံးနည်းကတော့ ဝက်ခြံအလွန်များရင် သူပါတဲ့ မျက်နှာသစ်ဆေး (Cleanser) သုံးလို့ရသလို ဝက်ခြံဖုလေးတွေပေါ်ပဲ တို့ချင်ရင်တော့ Serum အနေနဲ့ သုံးလို့ရတယ်။ စသုံးခါစဆိုရင် တစ်ပတ်ကို နှစ်ကြိမ်လောက်ပဲ သုံးကြည့်ပြီး အသားအရေက ခံနိုင်ရည်ရှိမှ ရက်တိုးသုံးတာ အကောင်းဆုံးပဲ။ အဆီပြန်ပြီး ဝက်ခြံခဏခဏ ထွက်တတ်တဲ့သူဆိုရင်တော့ Salicylic Acid က ဆောင်ထားသင့်တဲ့ ပစ္စည်းလေးတစ်ခုပါပဲ။

**Daisy**



## ပူပြင်းလှတဲ့ ရာသီဥတုနဲ့ အကိုက်ညီဆုံးဖြစ်တဲ့ မြန်မာချည်ထည်များ

မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ အကိုက်ညီဆုံးက မြန်မာ့ရိုးရာချည်ထည်တွေပါပဲ။ ပြည်တွင်းဖြစ် ချည်ထည်တွေက သဘာဝအတိုင်း လေဝင်လေထွက်ကောင်းပြီး ချွေးစုပ်ယူမှု အရမ်းကောင်းတာကြောင့် အပူသက်သာဖို့အတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်ပါတယ်။ ဒါတွေကို စတိုင်လ်ကျကျနဲ့ အေးအေးလူလူဖြစ်အောင် ဝတ်ဆင်နိုင်မယ့် နည်းလမ်းလေးတွေကို ပြောပြပေးမယ်နော်။

**(၁) ချည်ထည် ရွေးချယ်မှု**

မြန်မာပြည်မှာ ထွက်တဲ့ ချည်သားတွေထဲမှာ အင်းလေးချည်၊ ဝမ်းတွင်းချည် ဒါမှမဟုတ် ယောချည် စတာတွေက နာမည်ကြီးပါတယ်။ အပူသက်သာဖို့အတွက်ဆိုရင် ချည်ချောသား၊ ရက်ကန်းသား ခပ်ပါးပါးနဲ့ ချည်ချောတွေကို ရွေးချယ်ပါ။ လေဝင်လေထွက် ပိုကောင်းပြီး ဝတ်ထားရင် ပေါ့ပါးနေမှာပါ။ ဖြစ်နိုင်ရင် သဘာဝဆိုးဆေးနဲ့ လုပ်ထားတဲ့ အရောင်ဖျော့ဖျော့ ချည်သားတွေကို ရွေးပါ။ အမြင်အေးစေသလို အသားအရေအတွက်လည်း ယားယံမှု ကင်းစေပါတယ်။

**(၂) ဒီဇိုင်းနဲ့ ချုပ်ပုံ**

မြန်မာဝတ်စုံကို ခေတ်မီမီနဲ့ အပူသက်သာအောင် ဒီလိုလေးတွေ ချုပ်ဝတ်လို့ ရပါတယ်။ အသားကပ် ချုပ်မယ့်အစား ကိုယ်ထည်ကို ခပ်ပွပွလေး ချုပ်ပါ။ လက်ကိုလည်း လက်စက ဒါမှမဟုတ် လက်တိုလေးတွေ ထားရင် ပိုအေးပါတယ်။ လည်ပင်းနားမှာ အိုက်မနေအောင် ကော်လံကပ်တာမျိုးထက် လည်ဝိုင်း ဒါမှမဟုတ် လည်ဟိုက်ဒီဇိုင်းလေးတွေက အပူဒဏ်ကို ပိုသက်သာစေပါတယ်။ ချည်သားအင်္ကျီရိုးရိုးလေးကိုမှ ပုဆိုး ဒါမှမဟုတ် လုံချည်နဲ့ မဝတ်ချင်ရင် ချည်သားဘောင်းဘီအပွ (Linen pants ပုံစံ) တွေနဲ့ တွဲဝတ်ရင်လည်း အလွန်စတိုင်လ်ကျပါတယ်။

**(၃) အပူသက်သာအောင် ဝတ်ဆင်နည်း**

ချည်သားက ပါးလွှာတာကြောင့် အတွင်းကနေ အထပ်ထပ် ဝတ်တာမျိုးက အပူကို အထဲမှာ ပိတ်လှောင်ထားသလို ဖြစ်စေပါတယ်။ လိုအပ်ရင် ချည်သား Camisole ပါးပါးလေးပဲ ခံဝတ်ပါ။ မြန်မာ့ချည်ထည်တွေမှာပါတဲ့ အဖြူရောင်၊ ဆင်စွယ်ရောင်၊ ခဲနုရောင် ဒါမှမဟုတ် အဝါနုရောင်လေးတွေက နေရောင်ကို ပြန်ကန်ထုတ်ပေးလို့ ကိုယ်ခန္ဓာကို အေးမြစေပါတယ်။ လုံချည်ဝတ်တဲ့အခါမှာလည်း အသားကပ်နေအောင် တင်းတင်းကျပ်ကျပ် ဝတ်မယ့်အစား လေဝင်လေထွက်ရှိအောင် အနေတော်လေး ဝတ်ပေးပါ။ ချည်လုံချည်တွေက ပိုးလုံချည်တွေထက် အများကြီး ပိုအေးပါတယ်။

မြန်မာ့ချည်ထည်လေးတွေဟာ အေးမြရုံတင်မကဘဲ ဝတ်လိုက်ရင် ယဉ်ယဉ်လေးနဲ့ ကြည့်ကောင်းစေတဲ့အပြင် ပြည်တွင်းဖြစ်ကို အားပေးရာလည်း ရောက်ပါတယ်။

**Daisy**

## အသားခြောက်တဲ့သူတွေအတွက် ကောင်းတဲ့ Hyaluronic Acid

Hyaluronic Acid ဆိုတာ နာမည်ကသာ အက်စစ်လို့ ခေါ်တာ။တကယ်ကတော့ ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာ သဘာဝအတိုင်း ရှိနေပြီးသား သကြားဓာတ် မော်လီကျူးလေးတွေပါ။ သူက ရေဓာတ်ကို အလွန်ကြိုက်တတ်ပြီး သူ့ကိုယ်အလေးချိန်ထက် အဆပေါင်း ၁၀၀၀ လောက်ရှိတဲ့ ရေဓာတ်ကိုသိုလှောင်ထားနိုင်တဲ့ စွမ်းအားရှိတယ်။ ပြောရရင် 'ရေဓာတ်ကို ဆွဲယူနိုင်တဲ့ သံလိုက်လေး' လို့ ပြောလို့ရတာပေါ့။

ကျွန်တော်တို့ အသားအရေ လှဖို့အတွက် HA က ဘာလို့ အရေးကြီးတာလဲဆိုရင် သူက အသားအရေကို အတွင်းပိုင်းအထိ ရေဓာတ်ဖြည့်ပေးလို့ပါပဲ။ အသားက ရေဓာတ်ပြည့်ဝနေတော့ ကြည့်လိုက်ရင် တင်းတင်းရင်းရင်းနဲ့ ကြည်ကြည်လင်လင် ဖြစ်နေတာပေါ့။ နောက်ပြီး အသက်ကြီးလာရင်ဖြစ်တတ်တဲ့ အရေးအကြောင်းသေးသေးလေးတွေကိုလည်း သူက ပြန်ဖြည့်ပေးနိုင်တော့ နုပျိုတဲ့ပုံပေါက်စေတယ်။ အသားခြောက်တဲ့သူပဲဖြစ်ဖြစ်၊ အဆီပြန်တဲ့သူပဲဖြစ်ဖြစ် ဘယ်သူမဆို သုံးလို့ရတဲ့ အားသာချက်လည်း ရှိတယ်လေ။

ဒါပေမဲ့ တစ်ခုသတိထားရမှာက HA သုံးတဲ့အခါ နည်းလမ်းမှန်ဖို့ အရမ်းအရေးကြီးတယ်။ မျက်နှာကြီးခြောက်ကပ်နေတုန်း သွားလိမ်းရင် သူက အရေပြားထဲက ရေဓာတ်ကို ပြန်စုပ်ထုတ်ပစ်တတ်လို့ အသားက ပိုခြောက်သွားနိုင်တယ်။ ဒါကြောင့် မျက်နှာသစ်ပြီးစ အသားလေးစိုနေတုန်းမှာ လိမ်းတာက အကောင်းဆုံးပဲ။ လိမ်းပြီးရင်လည်း ရေဓာတ်တွေ ပြန်မထွက်သွားအောင် Moisturizer ခရင်မ်လေး တစ်ခုခုနဲ့ ပြန်အုပ်ပေးဖို့ မမေ့နဲ့ဦးနော်။

အနှစ်ချုပ် ပြောရရင်တော့ HA ဟာ အသားအရေကို စိုစိုအိအိလေးဖြစ်အောင် ကူညီပေးတဲ့ မရှိမဖြစ် ပစ္စည်းလေးတစ်ခုပဲ။ အသက်အရွယ်ရလာရင် ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဒါတွေက နည်းသွားတတ်တာမို့ အပြင်ကနေ Serum လေးနဲ့ ဖြည့်ပြီး တွဲသုံးပေးတာက အသားအရေ ကျန်းမာဖို့အတွက် အများကြီး အထောက်အကူပြုပါတယ်။

**Daisy**

*-*-*-*-*-*-*



# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ပူတူတူလေးရယ်စရာ ရွှင်စရာ ဉာဏ်စမ်းပဟေဠိ(၂) |
| စာရေးသူ | - မြတ်သူစံ(ဝါးခယ်မ) |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီစာပေ |
| တန်ဖိုး | - ၃၇၀၀ ကျပ် |
| စာမျက်နှာ | - ၁၃၂ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်းစာတ်ပုံ | - ကာတွန်းမောင်မောင်အောင် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ(တတိယအကြိမ်) |



မြတ်သူစံ(ဝါးခယ်မ)စီစဉ်ရေးသားသော ပူတူတူလေး ရယ်စရာ၊ ရွှင်စရာဉာဏ်စမ်းပဟေဠိ(၂)ကို ၂၀၀၀ ပြည့်နှစ်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ကျီတော်လစဉ်၏ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထွက်ရှိခဲ့ပြီးဖြစ်သည်။ ယခု တတိယအကြိမ်အဖြစ် ပြန်လည် ပုံနှိပ်ထုတ်ဝေဖြန့်ချိသည်။

ကာတွန်းစမ်းချောင်းကိုကိုအောင်၏ သရုပ်ဖော်ပုံများဖြင့် ဖတ်ရှုရမည်ဖြစ်ပြီး ကလေးတို့၏ စိတ်အာဟာရအဖြစ် ကျေနပ်ပျော်ရွှင်စေမည်ဖြစ်သည်။ ထို့ပြင် ကလေးတို့၏ ဉာဏ်ရည်ဉာဏ်သွေးရှင်သန်ထက်မြက်သွက်လက်စေရန် ရည်ရွယ်သောစာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - ရှိမန်တစ်အလွမ်း |
| စာရေးသူ | - ဇော်ဇော်အောင် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ (မန္တလေးမြို့) |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၅၁ မျက်နှာ |
| မျက်နှာဖုံးပန်းချီ | - J.M.W |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ(ဒုတိယအကြိမ်) |

၂၀၁၆ ခုနှစ်တွင် ပထမအကြိမ်အဖြစ် စိတ်ကူးချိုချိုစာပေမှ ထွက်ရှိခဲ့ပြီးဖြစ်သည်။ စာပေဝေဖန်ရေး ဆောင်းပါးများဖြစ်သည်။ စာရေးသူ ဆရာဇော်ဇော်အောင်၏ ဆရာအရင်းဖြစ်သော ပါမောက္ခချုပ် ဦးကျော်ရင်၏ ပြောစကားလိုက်နာကျင့်သုံးသော အားဖြင့် ဤစာအုပ်ထုတ်ဝေရခြင်းဖြစ်သည်။

"စာပေဝေဖန်မှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ တိုင်းပြည်မှာ လုံးလုံး မရှိသလိုဘဲ။ ဒီတော့ ဘယ်လိုလုံးလုံးမရှိသလဲဆိုရင်ဖြင့် ကျွန်တော်လိုချင်တဲ့ ကမ္ဘာ့စံချိန်မီ စာပေဝေဖန်မှုမရှိဘူး"

ပါမောက္ခချုပ်ဦးကျော်ရင်




**စာဆိုတော်နေ့ဟောပြောပွဲ (၁၉၆၅)**

စာပေဝေဖန်ရေးဖွံ့ဖြိုးတိုးတက်စေရန် စာပေဝါသနာရှင်များနှင့် စာရေးဆရာများ လက်စွဲဖတ်ရှုသင့်သည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) နည်းပြစွမ်းဆောင်မှုမြှင့်တင်ရေးသင်တန်းဖွင့်လှစ်

**မန္တလေး မေ ၂၈**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ဘော်လီဘော အားကစားခန်းမတွင် အားကစားနည်းပြစွမ်းဆောင်မှုမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၈နာရီခွဲက ကျင်းပခဲ့သည်။




သင်တန်းဖွင့်ပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူနှင့် နည်းပြများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းကို ဆက်လက်ပို့ချရာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးက ခေါင်းဆောင်မှုဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း၊ အားကစားမှူး ဦးစိုးတင်က ပြိုင်ပွဲ ပွဲစဉ်ဇယားရေးဆွဲခြင်းဆိုင်ရာများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်က ကရာတေးအားကစားဘာသာရပ်နှင့် စည်းကမ်းများကိုလည်းကောင်းသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၅)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နှစ်သစ်ဆုမွန်ဂျာ

* နှစ်သစ်ချိန်ခါ သမယ
ချမ်းမြေ့သာယာလှ ။
လောကဓမ္မ နှစ်ဌာန
ကုသိုလ်ပြုလုပ်ကြ ။

* မကောင်းမှုကြဉ် ကောင်းမှုခင်
စိတ်ထားဖြူသန့်စင် ။
ဣဿာမစ္ဆရိယ ရှောင်ကြဉ်
နှလုံးသားအလှဆင် ။
တစ်ဦးနဲ့တစ်ဦး မေတ္တာကူး
အေးမြစိတ်ကြည်နူး ။
မုဒိတာ ပွားများဖြန့်ဖြူး
ရင်မှာ ပျော်ရွှင်မြူး ။

* စီးပွားဥစ္စာ ရတနာ
ရှာဖွေတိုင်းဝေဖြာ ။
ရောဂါဘယ ကင်းစင်ကာ
ဘေးရန်ကင်းဝေးကွာ ။

* အလုပ်ကိစ္စ အထွေထွေ
ပြီးမြောက်အောင်မြင်နေ ။
လူအချင်းချင်း လှည့်ပတ်ခြင်းတွေ
ကင်းရှင်းလွတ်မြောက်စေ ။

* နှစ်သစ်မင်္ဂလာ ဆုမွန်ခြွေ
ကျန်းမာချမ်းသာစေ ။
ပို့သမေတ္တာ ကမ္ဘာမြေ
ငြိမ်းချမ်းကြပါစေ ။

မိုးထက်ကို(အမရပူရ)

# ပြည်နယ်အဆင့် ဆင့်ပွားဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ကျိုင်းတုံ မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အခြေခံပညာဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ရှေ့ဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(ပြည်နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲ ဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်း၊ သံလွင်ခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က အမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) ကျိုင်းတုံမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်အေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှေ့ဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(ပြည်နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၅၀ ဦး တက်ရောက်ကြပြီး မေ ၂၇ရက်မှ မေ ၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဘုရားဖူး တစ်သိန်းကျော် ဝင်ရောက်ခဲ့



**ညောင်ဦး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဘုရားဖူး တစ်သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ပုဂံရုံးခွဲ တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း သင်္ကြန်ကာလရုံးပိတ်ရက် ဧပြီ ၉ ရက်မှ စတင်ကာ ပြည်တွင်းခရီးသွားဘုရားဖူးများ ဝင်ရောက်လာခဲ့ကြပြီး သမိုင်းဝင် အထင်ကရ ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဓမ္မရာဇကဘုရား၊ မနူဟာဘုရား၊ မြစေတီ၊ ရွှေဆံတော်စေတီ၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိ၊ အာနန္ဒာဘုရား၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မဟာဗောဓိဘုရား၊ မဟာငှက်ပစ်တောင်ဘုရားများ၊ ပြာသာဒ်ကြီးဘုရား၊ တာမဏီ သိမ်ကျောင်း စသည့် ဂေါပကအဖွဲ့ ထားရှိသည့် ဘုရား ၁၈ ဆူအပြင်၊ ဂေါပကအဖွဲ့မရှိသည့် တောင်ဂူနီ၊ မြောက်ဂူနီ၊ ရှင်အဒ္ဓဂေါဏ၊ ဘုရားသုံးဆူ၊ နရသီဟပတော့၊ လေးမျက်နှာဆုတောင်းပြည့်၊ ဝိနည်းထိုရ်ဘုရား၊ ဝတ္တနထောဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ မင်္ဂလာစေတီ၊ ဆင်ဖြူရှင်ကျောင်းတိုက်၊ ရွှေနန်းရင်တောအုတ်ကျောင်းတိုက်အစုအဝေး၊ ပုံ့သကူမဟာထေရ်ဘုရားနှင့် ရှုခင်းကြည့် တောင်ကုန်းများပေါ်တွင် ဘုရားဖူးခရီးသွားဧည့်သည် အလွှန်များပြားခဲ့ကြောင်း၊ အနီးအနားမြို့များမှ နေ့ချင်းပြန်ဘုရားဖူးကားများလည်း အလွန်များပြားခဲ့ကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သင်္ကြန်ကာလ ဘုရားဖူး ခရီးသွား တစ်သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ပုဂံရုံးခွဲ တာဝန်ရှိသူများထံမှ သိရသည်။

(အပေါ်ဝဲပုံ) (၄စ၁)



# ဆေးပဒေသာပင်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး ဧပြီ ၂၈**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ချမ်း/မြောက် နေ နှစ်ဖက်မိဘများနှင့် ဘဘုန်းတို့အား အမှူးထား၍ ကိုဇော်+မနီလာ သက်ခိုင်(အောင်မြင့်မြတ်- တိုင်းရင်းဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေး)က ဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ကြီးကြပ်ရေးနှင့် အထောက်အကူပြု ဥက္ကဋ္ဌ သုမေဓမဏိဇောတဓရ ဦးစိုးလင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်တို့က လက်ခံရယူသည်။

အလှူရှင်များအနေဖြင့် အောက်ဆီဂျင်ဌာန၊ မျက်စိဌာန၊ ကျောက်ကပ်သွေးသန့်ဌာန၊ ရေအလှူတော်၊ မီးအလှူတော်၊ ဆေးပဒေသာပင်အလှူ၊ ဆွမ်းပဒေသာပင်အလှူများနှင့် ငလျင်ကြောင့် ပျက်စီးမှုများ ပြုပြင်ရန်အတွက် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

**မီးမရှို့၊ မြေမမြှုပ်**

**စက္ကူတွေကို**

**ဒါနလုပ်။**





# လူနာ ၁၂၅ ဦးအား ကျန်းမာရေးကုသမှုပေး

**မန္တလေး ဧပြီ ၂၈**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ်၊ လမ်း၆၀၊ ၁၂၈လမ်းနှင့် ၁၂၉လမ်းကြားတွင် ဖွင့်လှစ်ထားရှိသော လောကပါလ လူမှုကူညီရေးအသင်းမှ ဖွင့်လှစ်သော (အခမဲ့)ကျန်းမာရေးဆေးပေးခန်းတွင် ဧပြီ ၂၆ ရက် နံနက်ပိုင်းက ဆေးပေးခန်းသို့ လာရောက်ပြသကြသော လူနာများအား ဇီဝိတဒါနအဖြစ် ကုသိုလ်ပြု ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးခန်းပြလူနာ ၁၂၅ ဦးအား ဆေးကုသပေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်းများအား ကုသိုလ်ဖြစ် လုပ်အားပေး စေတနာ ဆရာဝန်၊ဆရာမများက ဆောင်ရွက်ပေးကြရာ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

# (၂၄၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပမည်

**မန္တလေး ဧပြီ ၂၈**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မုန့်တီစုရပ်ရှိ မဟာဝိဠုက သဲပုံစေတီတော်ကြီး၏ (၂၄၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကို ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် အလှူရှင်များ လောင်းလှူကြမည့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ကဆုန်လဆန်း ၁၄ ရက်၊ ဧပြီ ၂၉ ညနေပိုင်းတွင် မဟာဝိဠုက သဲပုံစေတီမှော်ရုံအတွင်းရှိ မြတ်စွာဘုရားရုပ်ပွားတော်မြတ်ကြီးရှေ့တွင် ကြည်ညိုဖွယ်ရာ ခင်းကျင်းထားမည်ဖြစ်ပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ ဧပြီ ၃၀ရက် နံနက်ပိုင်းတွင် ပင့်ဖိတ်ထားသော သံဃာတော်များက ဉာဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီး မဟာဝိဠုက စေတီယအသင်းသား၊ အသင်းသူများ၊ အလှူရှင်များက မြတ်စွာဘုရားအမှူးပြုသော သံဃာတော်များအား သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

(၀၅၃)

၀-၀-၀-၀-၀

# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး ဧပြီ ၂၈**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။

ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ ဧပြီ ၂၆ ရက်က သွေးကြောပိတ်ရောဂါကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူခဲ့သော ဒဿနိကဗေဒဌာနမှ ကန်တော့ခံ ဆရာမကြီး ဒေါ်မြကြိုင်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကန်တော့ငွေကျပ်ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ကာ ကျန်းမာရေးမေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၆ ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူခဲ့သော ကန်တော့ခံ ဆရာ၊ ဆရာမကြီး ၃၉၀ ဦးအား ငွေကျပ် ၈၂၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၀၄၅)

# ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းဖွင့်လှစ်၍ ကျွဲနွားကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်



**မြို့သစ် ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်အစီအစဉ်ဖြင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး သင်တန်းကို ဧပြီ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးမြမြငြိမ်းချမ်းက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းပို့ချခဲ့သည်။

ထို့နောက် ရေပြည့်ကျေးရွာအုပ်စုနှင့် ပုတီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာမှ ကျွဲ၊နွားများအား ပေါင်ပုတ်လက်ပုတ်ရောဂါကာကွယ်ဆေးနှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ စီးပွားဖြစ်တိုးချဲ့မွေးမြူနိုင်ရေးစည်းရုံးဟောပြောခြင်း၊ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)


ဝင်းအိစွန်(မြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*-*

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)

မြတ်ထေရ်ကျော်



မြန်မာလတို့တွင် ကဆုန်လမှာ ဒုတိယမြောက်လဖြစ်၍ ရက်ပေါင်း(၃၀)ရှိသည်တွင် နာရီတွေ မိနစ်တွေ စက္ကန့်တွေမှာ အချိန်တန်ဖိုးသိသူအတွက် လူတိုင်းနှစ်သက်သော ငွေအသပြာကို ရယူနိုင်၏။

မြစ်ရေသည် အမြဲမပြတ် စီးဆင်းနေသကဲ့သို့ ကဆုန်လ၏ အချိန်တွေ စီးမြောနေ၏။ အခြားလများနဲ့မတူ။ ကဆုန်လသည် တစ်မူထူးခြား၏။

ကဆုန်လသည် နွေရာသီမို့ ပူ၏။ သို့ရာတွင် ထိုသစ်ပင် ဤသစ်ပင် စသည့်သစ်ပင်တွေက အညွန့်၊ အခက်အလက်၊ အရွက်တွေနဲ့ စိမ်းစိမ်းမြ ရှိလှသည်နှင့် ကြည့်လေတိုင်း မျက်စိပသာဒ အေးမြပါ၏။

ဤလူ ထိုလူ စသည် လူများစွာ ကြီးပွားရန် ဘာဝိတာ ဗဟုလီကတာ အကြိမ်ကြိမ်အခါခါ ပွားများ အားထုတ်ရသည်။

သာသနာတော်နှစ် ၂၅၇၀ ပြည့်နှစ်၊ မြန်မာနှစ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သာသနာတော် နှစ်သစ်ကူးနေ့၊ ဗုဒ္ဓနေ့ ဖြစ်၏။

ကဆုန်လပြည့်နေ့ မင်္ဂလာအခါသမယမှာ ထူးခြားခြင်း အကြောင်းရင်း လေးချက်နှင့် ပြည့်စုံပေရာ ဝမ်းသာကြည်နူးမှုနဲ့အတူ ဝမ်းနည်းကြေကွဲမှု၏ အဘိဓမ္မာသဘောတရားတို့ တွေ့ကြုံခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်လေ၏။

၁။ ဘုရားပွင့်တော်မူရန် ဆုပန်တော်မူခဲ့သော ကဆုန်လပြည့်နေ့။

၂။ ဂေါတမမြတ်စွာဘုရား မွေးဖွားတော်မူသော ကဆုန်လပြည့်နေ့။

၃။ ဂေါတမမြတ်စွာဘုရားပွင့်တော်မူသော ကဆုန်လပြည့်နေ့။

၄။ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော ကဆုန်လပြည့်နေ့။

**၁။ ဘုရားပွင့်တော်မူရန် ဆုပန်တော်မူခဲ့သော ကဆုန်လပြည့်နေ့။**

ကောင်းကင်ခရီး ဈာန်ဖြင့် ကြွတော်မူစဉ် လမ်းခရီးနေရာ၌ လူများစွာ လမ်းပြုပြင်နေကြသော အခြင်းအရာကို ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ မြင်တွေ့တော်မူသည်။ ရမ္မာဝတီပြည်သူ၊ ပြည်သားတွေ ခရီးလမ်းမကို ပြုပြင်နေကြခြင်း ဖြစ်၏။

သုမေဓာရသေ့သည် ထိုလူတွေကို မေးမြန်းတော်မူလေ၏။ "အို---မိတ်ဆွေတို့။ လမ်းခရီးပြုပြင်နေကြတာ ပျော်ပျော်ရွှင်ရွှင်နဲ့။ အားရဝမ်းသာဟန်၊ ရွှင်ပျတဲ့ စိတ်နှလုံးနဲ့ စည်းလုံးညီညွတ်မှုလည်း ရှိပါတယ်။ အဘယ်သူအတွက် အခုလို အရေးတကြီး လမ်းပြုပြင်နေရတာလဲ"

"အို---အရှင်သုမေဓာ။ ဒီပင်္ကရာမြတ်စွာဘုရား ဒီလမ်းခရီးက ကြွတော်မူမှာဖြစ်တာကြောင့် ကျွန်ုပ်တို့တစ်တွေ လမ်းပြုပြင်နေကြတာပါ။"

"လမ်းတစ်နေရာ ပါဝင်ပြုပြင်ချင်ပါတယ်။ ကျွန်ုပ်ကို လမ်းပြင်ခွင့်ပေးပါ မိတ်ဆွေတို့"

ရွှံ့ဗွက်ထူထပ်တဲ့ လမ်းတစ်နေရာပြုပြင်ရန် ရမ္မာဝတီ ပြည်သူ၊ ပြည်သားတွေက ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ပေးလိုက်ကြ၏။

သုမေဓာရှင်ရသေ့မှာ ရွှံ့တွေ၊ ဗွက်တွေ ထူထပ်တဲ့ လမ်းမကို ပြုပြင်နေဆဲ ဒီပင်္ကရာမြတ်စွာဘုရား ကြွလာသည်နှင့် ခန္ဓာကိုယ်ကို တံတားခင်းလှူဒါန်းပေးရာ မြတ်စွာဘုရား၏ ရှုပကာ တင့်တယ်သပ္ပာယ်တော်မူသော တန်ခိုးတော်ကို မြင်ရသည်နှင့် ဘုရားဆုပန်နေ့ထူးနေ့ရက်မှာ ကဆုန်လပြည့်နေ့ပင် ဖြစ်၏။

**၂။ ဂေါတမမြတ်စွာဘုရား မွေးဖွားတော်မူသော ကဆုန်လပြည့်နေ့။**

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗနီဥ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့၊ လမ်းပါကို။

မယ်တော်မဟာ မာယာဒေဝီ၏ ဝမ်းကြာတိုက်တွင် ဂေါတမမြတ်စွာဘုရား (၁၀)လကြာ ပဋိသန္ဓေယူတော်မူပြီးလျှင် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် လုမ္ဗိနီ အင်ကြင်းဥယျာဉ်၌ ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူ၏။ အင်ကြင်းဥယျာဉ်မှာ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်တို့အကြားတွင် ရှိ ၏။

**၃။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော ကဆုန်လပြည့်နေ့။**

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။

ဘုရားအလောင်းတော်မှာ "သိဒ္ဓတ္ထ"မင်းသားဟု အမည်တွင်တော်မူ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မဟာမာယာဒေဝီမိဖုရားတို့၏ ထူးမြတ်သော သားတော်တစ်ပါး ဖြစ်၏။

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် လူတကာနှစ်သက်ခင်တွယ်လေ့ရှိသော နန်းစည်းစိမ်များစွာကို စွန့်လွှတ်၍ ယသော်ဓရာမိဖုရားနှင့် ရင်သွေးတော်တို့အပေါ် တွယ်တာနှစ်သက်မှုတွေမှာ မငြိမကပ်မူ၍ ရွယ်မူနုဖြိုး ၂၉ နှစ် အရွယ်တွင် နန်းတော်မှ ဆင်းသက်တော်မူပြီးလျှင် တောထွက်တော်မူခဲ့၏။

ဒုက္ကရစရိယာ ခြောက်နှစ်တိုင် ပင်ပန်းဆင်းရဲစွာ တရားဓမ္မကျင့်သုံးတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် မာရ်နတ်ရန်ကို ပါရမီတော်တို့ဖြင့် တွန်းလှန်တော်မူလျက် မဟာဗောဓိညောင်ပင်အောက်တွင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်လျက် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေရဲ့ အကျိုးစီးပွားအတွက် ပွင့်ပေါ်တော်မူလာခြင်း ဖြစ်၏။

**၄။ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသော ကဆုန်လပြည့်နေ့။**

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ ဆုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး၊ ကျော်တယ်ကို။

ထိုနေ့က မြန်မာလတွေထဲက ထူးမြတ်သော ကဆုန်လပြည့်နေ့၊ အင်္ဂါနေ့။ မဟာသက္ကရာဇ်မှာ ၁၄၈ ခုနှစ်။

ဂေါတမမြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါးဝါပတ်လုံး၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းအား သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ တရားအမြိုက်ဆေးတိုက်ကျွေးတော်မူပြီးလျှင် ထိုနှစ်၊ ထိုလ၊ ထိုနေ့တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့၏။

ပရိနိဗ္ဗာန်စံတော်မူသော နေရာဌာနမှာ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဖြစ်ပေရာ အလုပ်အကျွေးဖြစ်တော်မူသော ရှင်အာနန္ဒာ၏ စိတ်နှလုံးထဲ ဝမ်းနည်းပူဆွေးငိုကြွေးရာလေ၏။

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဤကား ကုသိုလ်၊ အကုသိုလ်နှင့် ထိုထိုဘဝ သိကြရ၊ များလှကျေးဇူးတွေ။

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဓမ္မမိတ်ဆွေသူတော်ကောင်းတို့သည် ဓမ္မအသိဖြင့် ကုသိုလ်တရားတွေရရှိကြပါစေ။

ဂေါတမမြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါးဝါပတ်လုံး၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအား သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ တရားအမြိုက်ဆေးတိုက်ကျွေးတော်မူပြီးလျှင် ထိုနှစ်၊ ထိုလ၊ ထိုနေ့တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့၏။

ပရိနိဗ္ဗာန်စံတော်မူသော နေရာဌာနမှာ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဖြစ်ပေရာ အလုပ်အကျွေးဖြစ်တော်မူသော ရှင်အာနန္ဒာ၏ စိတ်နှလုံးထဲ ဝမ်းနည်းပူဆွေးငိုကြွေးရာလေ၏။

# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဝိဇ္ဇာအောင်အမှတ်တံဆိပ် လေးဘက်နာနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)သည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဝိဇ္ဇာအောင် | လေးဘက်နာနှင့် အကိုက်အခဲပျောက်ဆေး | ဆေးမှုန့် | TMR-011461 (0615) | မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။ |



တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကာယသုခဆရာကြီးဖိုးဘစံအမှတ်တံဆိပ် အဆစ်အမြစ်နာကျင်ကိုက်ခဲ ဒူးနာခါးနာရောဂါပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ငွေနတ်သားအမှတ်တံဆိပ် လေးဘက်နာနှင့် ထိပ်ကပ်နာကုဆေး(ဆေးမှုန့်/ဆေးထုပ်)၊ သစ္စာရှင်အမှတ်တံဆိပ် အဆစ်အမြစ်နာနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ မေတ္တာရှင်အမှတ်တံဆိပ်လေးဘက်နာ၊ အဆစ်အမြစ်နာ၊ ဂေါက်ရောဂါနှင့် အကိုက်ခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)နှင့် ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက် အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)တို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ရွှေဟင်္သာအမှတ်တံဆိပ် အဆစ်အမျက်အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ဖော်ပြပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ ဆေးဝါးပုံစံ | တိုင်းရင်းဆေးဝါး မှတ်ပုံတင် | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ကာယသုခ ဆရာကြီး ဖိုးဘစံ | အဆစ်အမြစ် နာကျင်ကိုက်ခဲ ဒူးနာခါးနာရောဂါ ပျောက်ဆေး/ ဆေးမှုန့် | ဖော်ပြထားခြင်း မရှိပါ | ဖော်ပြထားခြင်းမရှိပါ | Paracetamol & Diclofenac |
| ၂။ | ငွေနတ်သား | လေးဘက်နာနှင့် ထိပ်ကပ် နာကုဆေး/ ဆေးမှုန့် | ဝ၆၁၇ (YR) ဝ၇၁၆၅၁ | ငွေနတ်သားဆေးတိုက် စက်မှုလမ်းမကြီး၊ ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ဝ၉-၇၉၄၂၂၂၄၁၊ ဝ၉-၄၂၃၆၉၅၇၁၇ | Paracetamol |
| ၃။ | သစ္စာရှင် | အဆစ်အမြစ်နာနှင့် အကိုက်အခဲ ပျောက်ဆေး/ ဆေးမှုန့် | TMR-007520 (0617) | သစ္စာရှင်ဆေးတိုက် ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ဝ၉-၄၅၄၅၄၁၇၇၅ ဝ၉-၇၈ဝဝဝဝ၄၉၃ | Diclofenac |
| ၄။ | မေတ္တာရှင် | လေးဘက်နာ၊ အဆစ်အမြစ်နာ၊ ဂေါက်ရောဂါနှင့် အကိုက်ခဲ ပျောက်ဆေး/ ဆေးမှုန့် | TMR-007487 (0425) | မေတ္တာရှင်ဆေးတိုက် အမှတ် ၁ဝဝ၊ပ-ထပ်၊ ၁၆ လမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ဝ၉-၅၁၃၇၉၆၂၊ ဝ၉-၂၅၂၅၄၂၅၂ဝ-၂၁ | Paracetamol & Diclofenac |
| ၅။ | ရွှေဆေး | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-023675 (1120) | ရွှေတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ ဝ၉-၄၄၄၄၉၉၉၃၇၊ ဝ၉-၆၉၄၄၉၉၉၃၇ | Diclofenac |
| ၆။ | ရွှေဟင်္သာ | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-014624 (0425) | ရွှေပါရမီ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး အမှတ် ၃၂/က၊ ၅ လမ်း၊ မြေညီထပ်၊လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ဝ၉-၄၅ဝဝဝဝ၄၉၂၊ ဝ၉-၇၈ဝဝဝဝ၄၉၂ | Diclofenac |



Paracetamol & Diclofenac ရောနှောသည့် ဆေးထုပ်နမူနာများ

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မိုးညှင်းမြို့ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုးညှင်း ဧပြီ ၂၈**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့ နံနက် ၇ နာရီက ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် နားခါးရပ်ကွက်ရှိ ဆုတောင်းပြည့်ကပ်ကျော် ဓမ္မာ အေးဘုရားဦးစေတီ ပရိဝုဏ်နှင့် ဘုရားကျောင်းအပြင်ဘက်ရှိ သစ်ပင်ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ လှည်းကျင်းပေးခြင်းနှင့် မီးရှို့ရှင်းလင်းခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးတင့် ဦးဆောင်သည့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများမှ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၀)၊ ဦးပိုင်အမှတ်(၆၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဗိုလ်ကြီးဉာဏ်လင်းထွန်း အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် (၁၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ဝါ(ဘ)ဦးစံမှန်း(၉/ပကခ(နိုင်)၀၀၁၂၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃ /၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၉)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ခင်မာကြည် အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့-အနောက် (၄၅)ပေ၊ တောင်-မြောက် (၂၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန္ဒာဝင်း(ဘ)ဦးစိန်မောင်(၅/ကသန(နိုင်)၀၀၀၁၅၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃ /၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သေတ္တာလမ်း၊ အကွက်အမှတ်(၈၅၉)၊ ဦးပိုင်အမှတ်(၃-င/သ)၊ ဧရိယာ(တောင်-မြောက် ၁၀ ပေ)၊ (အရှေ့-အနောက် ၄၂ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်သွပ်မိုး အဆောက်အအုံ၊ ရေ+မီး အပြည့်အစုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်လှလှဝင်း(ဘ)ဦးဖိုးထွန်း(၅/ငဇန(နိုင်)၀၀၁၂၈၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –**

**ဒေါ်သန်းသန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**ဖုန်း ၀၉-၄၀၂၅၀၆၅၅၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၆)၊ ဦးပိုင်နံပါတ်(၆၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးဝင်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြိုးဖြိုး(ဘ)ဦးမြသိန်း(၅/စကန(နိုင်)၁၉၂၉၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၈)၊ ဦးပိုင်နံပါတ်(၅၅-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးတင်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်မောင်ဦး(ဘ)ဦးအောင်ကျော်(၉/မရတ(နိုင်)၁၂၃၀၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ** **ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ** **ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ** **ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်နံပါတ်(၃၀-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၅၄)ဧက အကျယ်အဝန်းရှိ ဒေါ်သီသီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမြင့်(ဘ)ဦးဘဖေ(၉/မရမ(နိုင်)၀၇၃၂၁၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ** **ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ** **ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁)၊ ဦးပိုင်နံပါတ်(၈၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးမြ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်စိုးမိုး(ခ)ဦးထွန်းရွှေ(ဘ)ဦးခင်မောင်မြင့်(၁၃/လရန(နိုင်)၀၀၂၂၄၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ** **ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ** **ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ** **ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ** **ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ ဦးပိုင်အမှတ်(၂၈/ခ)၊ ၁၃လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ခင်(၉/မနမ(နိုင်)၀၄၂၇၈၆)၊ ဒေါ်ကြူကြူ(၉/မနမ(နိုင်)၀၄၂၇၈၃)တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အရှေ့သပွတ်ပင်ရပ်၊ အကွက်အမှတ်(၅၉၆-က)၊ ဦးပိုင်အမှတ်(၉) အလယ်ခဲစင်းမှ အကျယ်အဝန်း ပေ(၂၀×၂၇)၊ ဧရိယာ(၀ ဒသမ ၀၁၂)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်အား ပိုင်ဆိုင်သည်ဟု အဆိုပြုသော ဒေါ်တင်စန်း(ခ)ဒေါ်တင်စိန်(၉/အမရ(နိုင်)၀၄၈၁၁၆) မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အရှေ့သပွတ်ပင်ရပ် နေထိုင်သူထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းလဲ့ရှိ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၃၃၁)**

**အိမ်အမှတ်(ဈ /သ-၂၃)၊ သပွတ်ပင်ရပ်၊ ဈေးချိုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၉၆၃၃၅၉၉၄၄**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၈

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည်ထွက်ခွာခွင့်ပြုပါရန် တရားဝင်ရုံးပိတ်ရက်မပါ ၅ ရက်ကြိုတင်၍ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လျှောက်ထားလာမှုများအား စိစစ်ပြီး ပြည်ပထွက်ခွာခွင့်များအား Safe Migration Telegram Channel တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အချို့အလုပ်သမားအသစ်များသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စနစ်တကျ စုဆောင်းခြင်း၊ ပြည်ပသို့မထွက်ခွာမီ သင်တန်းတက်ရောက်ခြင်းနှင့် ဆေးစစ်ခံခြင်း လုပ်ငန်းစဉ်များကို ကျော်လွှားနိုင်ရန်အတွက် "ခွင့်ပြန်အလုပ်သမား"အဖြစ် အသွင်ဆောင်ကာ ခွင့်စာအတုများပြုလုပ်၍ ခွင့်ပြန်အလုပ်သမားများအတွက် သတ်မှတ်ထားသော လမ်းကြောင်းကို အလွဲသုံးစားပြု၍ တရားမဝင်ထွက်ခွာရန် ကြိုးစားခြင်းများ တွေ့ရှိရသဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေးနှင့် လူကုန်ကူးခံရမှုအပါအဝင် မလိုလားအပ်သည့် အန္တရာယ်များ မဖြစ်ပွားစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၀ သို့ ☆

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှဝန်ထမ်းများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)အတွင်း မိမိတို့ ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး၍ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သတင်းအချက်အလက် မှန်မှန်ကန်ကန်ကောက်ယူပြီး တောင်သူများ၊ ကျေးလက်နေပြည်သူများအား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် စည်းရုံးရေးမှူးကောင်းများ၊ ပေါင်းစပ်ညှိနှိုင်းရေးမှူးကောင်းများဖြစ်အောင် စေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် နန္ဒာ(တောင်)ကျေးရွာရှိ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာသော သွင်းအားစုများကို တောင်သူလယ်ဝယ် စိုက်ပျိုးချိန်အမီရောက်ရှိရန် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းကာ ယူရီးယားမြေသြဇာများ ရောင်းချပေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)မှ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နို့စားနွားနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၁၇၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၆၀ ကို ဆက်လက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)သို့လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာရှိ ကျွန်းရွှေဝါလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ မိုးကြိုဝါစိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို အာဆင်နယ်အသင်း ဆွတ်ခူးမည်ဟု စူပါကွန်ပျူတာခန့်မှန်း

လန်ဒန် ဧပြီ ၂၈

၂၀၂၅-၂၀၂၆ ဘောလုံး ရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို အာဆင်နယ်အသင်းက ဆွတ်ခူးနိုင်မည်ဟု စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

စူပါကွန်ပျူတာ၏ ခန့်မှန်းချက်တွင် အာဆင်နယ်အသင်းက ပရီးမီးယားလိဂ် ချန်ပီယံဆုကို ဆွတ်ခူးပြီး၊ မန်စီးတီးအသင်းက အဆင့် (၂)နေရာ၊ မန်ယူအသင်းက အဆင့်(၃)နေရာ၊ အက်စ်တွန်ဗီလာအသင်းက အဆင့် (၄)နေရာ၊ လီဗာပူးအသင်းက အဆင့်(၅)နေရာ၊ ဘရိုက်တန်အသင်းက အဆင့်(၆)နေရာ၊ ဘုန်းမောက်အသင်းက အဆင့်(၇)နေရာတို့တွင် ရပ်တည်သွားမည်ဟု ခန့်မှန်းထားသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၄)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၇၃မှတ်ဖြင့် မန်စီးတီးအသင်းထက် တစ်ပွဲပိုမိုကစားထားကာ ရမှတ် ၃ မှတ်ဖြတ်ပြီး အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် စူပါကွန်ပျူတာ၏ ခန့်မှန်းချက်အတိုင်း ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

0-0-0-0-0

